kcg.edu

KCG: Kyoto Computer Gakuin Academic Programs

ဂျပန်တွင် ပထမဆုံးသော
ကွန်ပျူတာပညာသင်တန်းကျောင်းဖြစ်သည်

京都コンピュータ学院

ကျိုတိုကွန်ပျူတာအထူးပညာရပ်သင်ကျောင်း

kcg.edu
Kyoto Computer Gakuin
京都コンピュータ学院

URL: https://www.kcg.ac.jp/
E-mail: admissions@kcg.edu

ကျောင်းဝင်ခွင့်စီစစ်ရေးဌာန၊
ကျိုတိုကွန်ပျူတာအထူးပညာရပ်သင်ကျောင်း
10-5, Nishikujoteranomae-cho, Minami-ku,
Kyoto-shi, Kyoto 601-8407 Japan
Tel: 075-681-6334 (+81-75-681-6334 ဂျပန်နိုင်ငံပြင်ပ)
Fax: 075-671-1382 (+81-75-671-1382 ဂျပန်နိုင်ငံပြင်ပ)

ဂျပန်တွင် フリーコール 0120-829-628

ミャンマー語 202501



၁၉၆၃ ခုနှစ်တွင် စတင်တည်ထောင်သည်။ တစ်ရက်စာအပြည့် သင်ရိုးညွှန်းတမ်းကို ၁၉၆၉ တွင် ရေးဆွဲခဲ့ပါသည်။

ဂျပန်တွင် ပထမဆုံးသော ကွန်ပျူတာပညာသင်တန်းကျောင်းဖြစ်သည်။

သင်ကြားရေးနည်း

- ကွန်ပျူတာနည်းပညာဆိုင်ရာ ပညာရပ်များကို အလေးပေးထားပြီး သီအိုရီကို မပစ်ပယ်ဘဲ အများလက်ခံသော သင်ကြားရေးစနစ်
- ကွန်ပျူတာနည်းပညာ၏ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် လိုက်လျောညီထွေဖြစ်မည့် သင်ကြားရေးစနစ်
- ကွန်ပျူတာနည်းပညာဆိုင်ရာ ဖန်တီးမှုစွမ်းရည်ကို လေ့ကျင့်ပေးခြင်း
- သတင်းအချက်အလက် အရေးပါလာသော လူ့အဖွဲ့အစည်းတွင် ဘက်ပေါင်းစုံမှ စဉ်းစားနိုင်စွမ်းရည်ကို လေ့ကျင့်ပေးခြင်း
- နားလည်နိုင်စွမ်း၊ သိမြင်ခံစားနိုင်စွမ်းနှင့် မိမိ၏ ပိုင်နိုင်ကျွမ်းကျင်သော ပင်ကိုယ် စွမ်းရည်ကို မွေးမြူပေးခြင်း

သမိုင်းကြောင်းနှင့် အောင်မြင်မှု ရလဒ်များ

တည်ထောင်သူ
ဟဆဲဂဝ ရာဆုကို
Yasuko Hasegawa

ကျူတိုတက္ကသိုလ်၊ သိပ္ပံဌာန၊ ရူပနက္ခတ္တဗေဒဘွဲ့ရ (ပထမဆုံး အမျိုးသမီး)
ကျူတိုတက္ကသိုလ်၊ ဘွဲ့လွန်သိပ္ပံသုတေသနဌာန၊ ဓေါက်တာဘွဲ့ရ၊
ရူပနက္ခတ္တဗေဒ သုတေသနတွင် ကွန်ပျူတာအသုံးပြုသော ပထမဆုံး ပုဂ္ဂိုလ်။
အနောက်နိုင်ငံ ပင်ဆယ်ဝေးနီးယားပြည်နယ်ပိုင် တက္ကသိုလ်တွင် ဧည့်သိပ္ပံပညာရှင်။
ထိုင်း၊ ဂါနာ၊ သီရိလင်္ကာ၊ ဗီယက်နမ်နိုင်ငံများရှိ ပညာရေးနယ်ကြီးဌာနများမှ ဂုဏ်ပြုဆုချီးမြှင့်ခံရသူ။
၂၀၀၆ ခုနှစ် ဂျပန် ITU ဖောင်ဒေရှင်းမှ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးဆု ချီးမြှင့်ခံရသူ။
၂၀၁၁ ခုနှစ် တွင် Information Processing Society of Japan မှ ဂုဏ်ပြုဆု ချီးမြှင့်ခံရသူ။

ကျူတိုကွန်ပျူတာအထူးပညာရပ်သင်ကျောင်း (KCG) သည် ၁၉၆၃ ခုနှစ်တွင်စတင်ပြီး၊ ဂျပန်နိုင်ငံ၏ ပထမဆုံးကွန်ပျူတာလေ့ကျင့်ရေးကျောင်းဖြစ်လာပါသည်။ ထိုအချိန်မှစ၍ KCG သည် ခေတ်အဆက်ဆက် ထိပ်ဆုံးမှဦးဆောင်လျှက်ရှိသည်။

ကျူတိုကွန်ပျူတာအထူးပညာရပ်သင်ကျောင်း၏ စိတ်ဓာတ်

ကျူတိုကွန်ပျူတာအထူးပညာရပ်သင်ကျောင်း (KCG) သည် ခေတ်အသစ်တည်ထောင်ရန်စိတ်အားထက်သန်နေကြသော ဂျပန်နိုင်ငံ၏ကွန်ပျူတာခေတ်ဦးဖြစ်သည့် ၁၉၆၃ ခုနှစ်တွင် ကျူတိုတက္ကသိုလ်နက္ခတ္တဗေဒနှင့် ရူပဗေဒကျောင်းဆင်းများအဖွဲ့မှတည်ထောင်ခဲ့သော ဂျပန်နိုင်ငံ၏ပထမဆုံးသော ကွန်ပျူတာကျောင်းဖြစ်ပါသည်။ တဖန်၊ သတင်းအချက်အလက်ဘာသာရပ်မှာ ဂျပန်နိုင်ငံ၏မည်သည့်တက္ကသိုလ်တွင်မှ မရှိသေးသောခေတ်ဖြစ်သည်။ "ခေတ်ကိုဦးဆောင်မည့် တီထွင်ဆန်းသစ်သော သတင်းအချက်အလက်များကိုစီမံမည့်ပညာရှင်များအား မွေးမြူရန်" ဟူသောခံယူချက်ကိုထားရှိခဲ့ပါသည်။

၁၉၇၀ ခုနှစ်မှ ၁၉၈၀ ခုနှစ်အစပိုင်းများတွင် အဆင့်အမြင့်ဆုံး အလတ်စား၊ အကြီးစားကွန်ပျူတာများကို ကျောင်းသားများ၏လေ့ကျင့်ရေးတွင် လွတ်လပ်စွာအသုံးပြုနိုင်ရန် ဖွင့်လှစ်ပေးထားပါသည်။ထိုအချိန်က ကျောင်းသားများ၏လေ့ကျင့်ရေးအတွက် ကွန်ပျူတာများထားရှိပေးခြင်းသည် ကြားပင်မကြားဖူးသောကိစ္စရပ်သာဖြစ်၍ အခြားကျောင်းများ၏ မနာလိုမှုများပင်ဖြစ်စေခဲ့ပါသည်။ဥပမာ ကျောင်းအဆောက်အဦးမှာ တန်းလျားပင်ဖြစ်နေစဉ်ကာမူ ကျောင်းသားများသည် ခေတ်တစ်ခေတ်၏ထိပ်ဆုံးသောပညာရေးကို ထိတွေ့နိုင်ရမည်ဟူသော ပညာရေးစိတ်ဓာတ်ကိုပြသခဲ့ပါသည်။လက်ရှိတွင်လည်း ထိုစိတ်ဓာတ်ကိုလက်ကိုင်ထား၍ ၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ပထမဆုံးသော IT မေဂျာဘွဲ့လွန်ကျောင်းဖြစ်သည့် ကျူသတင်းအချက်အလက်ဘွဲ့လွန်သင်တန်းကျောင်း (KCGI) ကိုဖွင့်လှစ်ခဲ့ပါသည်။

ယခုအထိ ကျောင်းသား ပျမ်းမျှ ၅သောင်းအား အောင်မြင်စွာမွေးဖွားပေးခဲ့ပြီးဖြစ်သည်။ ထိုဘွဲ့ရအသီးသီးသည်လည်း KCG ၏စိတ်ဓာတ်ကိုလက်ကိုင်ထားပြီး ကမ္ဘာအနှံ့တွင်စိန်ခေါ်မှုအသစ်များကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ KCG သည် တည်ထောင်စဉ်မှစ၍နှစ် ၆၀ ကျော်အတွင်း လက်ဆင့်ကမ်းမှုများနှင့် ရလဒ်များအပေါ်တွင် ဂုဏ်ယူလျှက်ရှိသည်။ အနာဂတ်အတွက် မျိုးဆက်ချရန်မှာ သင်သာဖြစ်သည်။

ကျူတိုအဲ့ဒီမဆဲ ကျောင်းပရဝုဏ်၏ ကျောင်းအုပ်
ရော်အိချ တဲရရှိတ Yoichi Terashita

ကျူတိုသိပ္ပံဘာသာရပ်မှ ဘွဲ့ရခဲ့၊ Fulbright ပညာသင်ဆုရကျောင်းသားဖြစ် အမေရိကာသိပ္ပံညာတော်သင်း အဆိုအိုတက္ကသိုလ်မှ သိပ္ပံမာစတာဘွဲ့နှင့် စိတ်ပညာပါရဂူဘွဲ့၊ ရူပနက္ခတ္တဗေဒ အထူးပြုဘွဲ့ရခဲ့၊ အဆိုအိုတက္ကသိုလ်ဆရာ၊ မန်ဆိုဇေးနီးယားတက္ကသိုလ်မှ ဒေါက်တာပြင်သောသုတေသနပညာရှင်၊ ဓနဂေနည်းပညာကျောင်းမှ ဂုဏ်ထူးဆောင်ပါရဂူ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ ယာယီ သတင်းအချက်အလက် ကျွမ်းကျင်ပညာရှင်အဖြစ် ယခင်ကထမ်းဆောင်ခဲ့။ KCG ရုပဗဟုခု ကျောင်းပရဝုဏ်၏ ယခင်ကျောင်းအုပ်၊ လက်ရှိတွင် KCGI ၏ ဒုတိယကျောင်းအုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိ၊ ဒေတာဘေ့စ်နယ်ပယ်ဆိုင်ရာ သင်တန်းများအတွက် တာဝန်ခံရှိသူ။

KCG ဟာ IT နယ်ပယ်မှာ ဘက်ပေါင်းစုံမှ ပညာရည်ပေးစွမ်းနိုင်သော ကျောင်းဖြစ်ပါတယ်။ IT သီအိုရီမှ အသုံးချ IT အထိ၊ ဟာ့ဒ်ဝဲမှ ဆော့ဖ်ဝဲအထိ၊ IT ကို နည်းပညာတစ်ခုအဖြစ်မှ ယဉ်ကျေးမှုတစ်ခုဖြစ်လာသည်အထိ လူမှုအသိုင်းအဝန်းအတွက် လိုအပ်သော IT နယ်ပယ်အစုံပါဝင်တဲ့ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးနေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းရဲ့ အဆင့်မြင့် ကျွမ်းကျင် IT ပညာရှင်များဟာ ဒီသင်ရိုးညွှန်းတမ်းကို အထိရောက်ဆုံး အသုံးချနိုင်စေမယ့် နောက်ဆုံးဇယ် လက်တွေ့လေ့ကျင့်ရေး နည်းနာများ ပြည့်စုံပိုင်နိုင်သူများဖြစ်ကြပါတယ်။

ဒီကျောင်းမှာ သင့်အိပ်မက်များ အကောင်အထည်ပေါ်လာဖို့ မျှော်လင့်ပါတယ်။

ခရိုဂဝ ကျောင်းပရဝုဏ်၏ ကျောင်းအုပ်
ရှောဇို နိုင်းတိုး Shozo Naito

ကျူတိုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရခဲ့၊ သမ္တာအင်ဂျင်နီယာမေဂျာနှင့် မာစတာဘွဲ့ကို ကျူတိုတက္ကသိုလ်တွင် ပြီးမြောက်ခဲ့။ အင်ဂျင်နီယာမာစတာဘွဲ့၊ နိပ္ပန်တယ်လီဂရပ်နှင့် တယ်လီဖုန်း ဂကပ်ပိုရေးရှင်း (NTT) သတင်းအချက်အလက် မြန်ဆေးရေး ပလက်ဖောင်းဖေါ်ဝဲဒွဲဌာန ၏ ယခင်သုတေသနဦးစီးအရာရှိ၊ ဂျပန်နိုင်ငံ အီလက်ထရောနစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အင်ဂျင်နီယာများ (IEICE) အတွက် သုတေသန ဂကပ်မတီ၏ ယခင်အတွင်းရေးမှူး၊ ကိုရီးယား သတင်းအချက် လုံမြဲရေး အေဂျင်စီ (KISA) ၏ ယခင်အကြံပေးအရာရှိနှင့် ပါမောက္ခ၊ KCGI ၏ ပါမောက္ခ။

IT က ပိုမိုကိုးတက်လာပြီး လူမှုအသိုင်းအဝိုင်းရဲ့ IT ကျွမ်းကျင်ပညာရှင်တွေ (အင်ဂျင်နီယာ) တွေကို လိုအပ်ချက်က ပိုမိုကြီးထွားလာမယ်ဆိုတာ ကျွန်တော့်စိတ်ထဲက မေးခွန်းတောင်ထုတ်ဖို့ မလိုပါဘူး။ နည်းပညာအသစ်တွေ လျင်မြန်တဲ့အောင်မြင်မှုတွေနဲ့ ရင့်ဆက်မပြတ် ပေါ်ထွက်လာနေတဲ့ IT နယ်ပယ်မှာ မိမိရဲ့အသိပညာကို အဖြေပြာတ်ဖြည့်ဆည်းနေဖို့ လိုအပ်ပါတယ်။ ဒီအချက်ကြောင့်သာ ပညာရေးလေ့လာဆည်းပူးဖို့ ထန္ဒပြင်းပြသူတွေကို ပိုမိုအလိုရိုးနေကြာ ဖြစ်ပါတယ်။

KCG မှာ လေ့လာဆည်းပူးမှုတွေနဲ့ ကျောင်းသားဘဝကို ဖြတ်သန်းပြီး ခေတ်သစ်တစ်ခုဂုဏ် ဦးဆောင်နိုင်မယ့် အားအင်တွေ ရရှိကြပါစေလို့ မျှော်လင့်ပါတယ်။ သင်တို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ကျွန်တော်တို့ကျောင်းက အထောက်အပံ့ပေးသွားမှာဖြစ်တဲ့အတွက် မိမိရောက်နေတဲ့နေရာမှာ အကောင်းဆုံးလုပ်ဆောင်ဖို့ တိုက်တွန်းလိုက်ပါရစေ။

ရခုဟုခု ကျောင်းပရဝုဏ်၏ ကျောင်းအုပ်
ဟောင်ဆောင်းကို Hong Seung Ko

ဟောင်ကိုရီးယားနိုင်ငံ ဇုံဂုဏ်တက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရခဲ့၊ ကျူတိုတက္ကသိုလ်မှ (ကိန်းဂဏန်းဆိုင်ရာ အင်ဂျင်နီယာမေဂျာဖြင့်) ဒေါက်တာဘွဲ့၊ အင်ဂျင်နီယာဒေါက်တာဘွဲ့ ရရှိခဲ့။ ဟောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းအီလက်ထရောနစ် ကုမ္ပဏီလီမိတက်၊ သတင်းအချက်အလက် မဟာဗျူဟာဌာန၏ ယခင် CIO၊ ဟာ့ဒိန် နဲဝေရင်း ကုမ္ပဏီလီမိတက်၏ ယခင်ဥက္ကဋ္ဌနှင့် CEOs KISA ၏ ယခင်အကြံပေးအရာရှိနှင့် ပါမောက္ခ၊ နိုလ့ခ် အသုံးချသတင်းအချက်အလက်အဖွဲ့အစည်း (NAIS) ၏ ဥက္ကဋ္ဌ၊ ဟောင်ကိုရီးယားနိုင်ငံ CALS/EC အဖွဲ့အစည်း၏ အထူးကော်မတီအဖွဲ့ဝင်၊ ဂျယ်ဗျူ ဘဏ်ပေါ်လီတီ ကိုယ်ပိုင်အုပ်ချုပ်မှုဝိုရ စီဝင်ဂုဏ် ယခင်အကြံပေးအရာရှိ၊ ဂျယ်ဗျူ ဥာဏ်ပညာဆိုင်ရာပိုင်ဆိုင်မှု တိုးချဲ့ပြင်ဆင်ရေးအကြံပေးကော်မတီ၏ အဖွဲ့ဝင်၊ ကိုရီးယား EC သုတေသနအဖွဲ့၏ ပထမဦးဆုံး ရာသက်ပန်အဖွဲ့ဝင်၊ KCGI ၏ ပါမောက္ခ။

KCG ဟာ လူမှုအဖွဲ့အစည်းရဲ့ နယ်ပယ်အရင်ရင်းကလိုအပ်နေတဲ့ IT ကို လေ့လာလျက်ရှိတဲ့ ဖိုရမ် ဖြစ်ပါတယ်။ ခိုင်မာတဲ့ IT နောက်ခံအတတ်ပညာရှိထားတဲ့ ကျောင်းသားဘဝကို ဖြည့်ဆည်းပေးဖို့ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားပါတယ်။ ထို့အပြင် အချက်အလက်သိပ္ပံနဲ့ အချိုးချိုးသော စီးပွားရေးရပ်ဝန်းတွေနဲ့ သက်ဆိုင်တဲ့ နည်းပညာဆိုင်ရာ အခန်းကဏ္ဍတွေကို ကောင်းမွန်စွာ ကိုင်တွယ်နိုင်မဲ့ အရည်အချင်းရှိသူများကို မွေးထုတ်ပေးလျက်ရှိပါတယ်။

အမြဲလျင်မြန်စွာ ပြောင်းလဲတိုးတက်နေတဲ့ အချက်အလက်သိပ္ပံ၊ AI နဲ့ စတုတ္ထ စက်မှုတော်လှန်ရေး အစရှိတဲ့ နယ်ပယ်တွေမှာ ကုမ္ပဏီများ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် မရှိမဖြစ်အရေးပါတဲ့ ပုဂ္ဂိုလ်တွေကို ရှေ့ဆက်ပြီး မြဲစုပျိုးထောင်သွားဖို့အတွက် KCG က သန္ဓိဌာန် ချထားပါတယ်။

KCG ၏ အဓိကလက္ခဏာရပ်များ

ကျွန်ပ်တို့ထံမှ ဘွဲ့ရများမှာ ထိပ်ဆုံးမှဦးဆောင်နိုင်သူများ ဖြစ်သည်။
ဌာနငါးခုမှ သင်တန်းပေါင်း ၂၀ ကျော် သင်ကြားပေးသည့်အတွက်
သင်စိတ်တိုင်းကျ ထဲထဲဝင်ဝင် လေ့လာသင်ယူနိုင်ပါသည်။

နိုင်ငံများစွာမှ နိုင်ငံရပ်ခြားကျောင်းသားများ KCG တွင် သင်ယူလျက်ရှိသည်။

- ဂျပန်နိုင်ငံတွင် ပထမဆုံးတည်ထောင်ခဲ့သော ကွန်ပျူတာသင်ကြားရေးကျောင်း ဖြစ်ခြင်း။
- ဆယ်စုနှစ်ခြောက်ခုကျော်အထိ ရပ်တည်ခဲ့ပြီးဖြစ်ပြီး ဘွဲ့ရရှိသူပေါင်း ၅၀,၀၀၀ ကျော်ရှိခြင်း။
- ဌာနငါးခုမှ သင်တန်းပေါင်း ၂၀ ကျော် ပို့ချလျက်ရှိသောကြောင့် မည်သည့် IT ပညာရပ်ကိုမဆို လေ့လာသင်ယူနိုင်ခြင်း။
- ဂျပန်နိုင်ငံ၏ ရှေးဟောင်းမြို့တစ်မြို့ဖြစ်ပြီး ကျောင်းသားများ၏မြို့ဟု ခေါ်ဝေါ်ကြသော ကျိုတိုမြို့တွင် သင်ကြားရခြင်း။
- အဆင့်အမြင့်ဆုံး ပစ္စည်းကိရိယာများရှိသောကြောင့် အလွန်ကောင်းမွန်သည့် သင်ကြားရေးပတ်ဝန်းကျင် တစ်ခုဖြစ်သည်။
- ကမ္ဘာတစ်ဝန်းမှ ကျောင်းသားများကို ကြိုဆိုလျက်ရှိသော ဘက်ပေါင်းစုံ ခြုံငုံပါဝင်သည့် ကျောင်းသားလက်ခံမှုစနစ် ရှိခြင်း။
- ကမ္ဘာတစ်ဝှမ်းမှ ပညာသင်ကျောင်းပေါင်း ၁၀၀ ကျော်နှင့် မိတ်ဖက်ဆက်ဆံရေးရှိခြင်း။
- နိုင်ငံရပ်ခြားမှ ကျောင်းသားများအတွက် အထူးသင်တန်းများကြောင့် ဂျပန်ဘာသာစကား သင်ကြားနိုင်ခြင်း။
- နိုင်ငံရပ်ခြားမှ ကျောင်းသားများအတွက် ကျူရှင်နှင့် အခြားကုန်ကျစရိတ်များ လျှော့ပေးမှုနှင့် ချွင်းချက်အခွင့်အရေးများပါဝင်သော ပရိုဂရမ်များစွာရှိခြင်း။
- အထူးထောက်ပံ့မှုပေးသောဝန်ထမ်းများရှိသောကြောင့် နိုင်ငံရပ်ခြားမှ ကျောင်းသားများ၏ သင်ယူမှုနှင့် နေ့စဉ်နေထိုင်မှုတို့ လွယ်ကူမှုရှိခြင်း။
- KCG မှ နေထိုင်စရာ စီစဉ်ပေးခြင်း။
- KCG အထူးသီးသန့် ပညာသင်ထောက်ပံ့ကြေး ပရိုဂရမ်များစွာရှိခြင်း။
- ဆွေးနွေးဖလှယ်ရေး အစည်းအဝေးများနှင့် ပုံမှန်တွေ့ဆုံမှုများအတွက် အချိန်ဇယားစီစဉ်ထားရှိမှုကြောင့် နိုင်ငံအရပ်ရပ်မှ ကျောင်းသားများအချင်းချင်း သိကျွမ်းခွင့်ရခြင်း။
- ပြိုင်ဘက်ကင်းသည့် မှတ်တမ်းရှိသော ဘက်ပေါင်းစုံခြုံငုံသည့် အလုပ်အကိုင်ရှာဖွေရေး အထောက်အပံ့ရှိခြင်း။
- IT နှင့် စီမံခန့်ခွဲမှု လေ့လာရန် ကျွန်ပ်တို့၏ ကျောင်းခွဲတစ်ခုဖြစ်သော KCGI ကို နိုင်ငံရပ်ခြားကျောင်းသားများစွာ ဆက်လက်တက်ရောက်ကြခြင်း။
- ကျောင်းစတင်မတက်မီ ဂျပန်ဘာသာစကားသင်ကြားရန် စိတ်ဝင်စားသည့် ကျောင်းသားများ ကျွန်ပ်တို့၏ ကျောင်းခွဲတစ်ခုဖြစ်သော Kyoto Japanese Language Training Center တွင် တက်ရောက်နိုင်ခြင်း။

KCG ပို့ချသော ပညာရေး

အခြားကျောင်းများတွင် မရရှိနိုင်သော တမူထူးခြားသည့်အချင်းအရာများပါဝင်သည့် ပညာရေးကို KCG က သင်ကြားပို့ချခြင်းဖြစ်သည်။ ဆရာမှ ကျောင်းသားသို့ ပညာလွှဲပြောင်းသင်ကြားပေးသည့် ရှေးရိုးစွဲ တစ်လမ်းသွားစနစ်ကို မလိုက်ဘဲ KCG သည် ကျောင်းသားတစ်ဦးချင်းအပေါ် လေးစားမှုထားရှိသည်။ တစ်ဦးတစ်ယောက်ချင်းစီ၏ တောင်းဆိုမှုများကို အသေးစိတ်တုံ့ပြန်ရာတွင် ပညာသင်ကြားပို့ချရေးနည်းလမ်းများကို ထပ်ခါတလဲလဲ စစ်ဆေးမှုများ၊ မွမ်းမံမှုများ ပြုလုပ်ခြင်း၊ သင်ကြားရေးအထောက်အကူများကို အဆင့်မြင့်ဆုံးဖြစ်စေရန် မြှင့်တင်ခြင်းတို့ ပြုလုပ်ပါသည်။ ရည်မှန်းချက်ပြည့်ဝသော ကျောင်းသားများ၏ အိပ်မက်များ အမြင့်ဆုံးအတိုင်းအတာအထိ အကောင်အထည်ပေါ်လာစေရန် KCG က အထောက်အကူပြုပါသည်။

◆ ထူးခြားသည့် ဝိသေသလက္ခဏာဖွံ့ဖြိုးရေးပါဝင်သော လက်တွေ့ကျသည့် သင်ရိုးညွှန်းတမ်း

နယ်ပယ်တစ်ခုစီမှ ခေါင်းဆောင်များ ဦးစီးသည့် လက်တွေ့လောကနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိသော သင်ခန်းစာများက စွမ်းဆောင်ရည်ပြည့်ဝသော ပုဂ္ဂိုလ်များကို ပျိုးထောင်ပေးနိုင်စေသည်

■ **အနာဂတ်တွင် တက်ကြွသောကဏ္ဍများမှ ဦးဆောင်ပါဝင်မည့် ပုဂ္ဂိုလ်များ**

လူမှုအဖွဲ့အစည်းတွင် တက်ကြွသောကဏ္ဍတစ်ခုမှ ဦးဆောင်ပါဝင်ရန်မှာ နည်းပညာနှင့်ဗဟုသုတ သိမ်းထားရုံထက် ပို၍လိုအပ်ပါသည်။ ထိရောက်စွာ သင်ယူလေ့လာနိုင်စွမ်းနှင့်အတူ လက်တွေ့လောကမှ ပြဿနာများဖြေရှင်းရန် အမှန်တကယ် အသုံးချနိုင်စွမ်းပါ လိုအပ်သည်။ KCG မှ ဘွဲ့ရကျောင်းသားများ အနာဂတ်လုပ်ငန်းခွင်အတွက် လိုအပ်မည့် စတင်မှုကိုပေးစွမ်းပြီး စက်မှုကမ္ဘာ၏ လိုအပ်ချက်များကို ထင်ဟပ်သည့် ကျောင်းဇနေရာတွင် သင်ကြားဇသာ သင်ရိုးညွှန်းတမ်း ၊ လက်တွေ့ လေ့ကျင့်ပေးခြင်း စသည်တို့ ဖြည့်ဆည်းပေးသည်။

ကျွန်ပ်တို့၏ တက္ကသိုလ်ဆရာများသည် အရေးပါသည့် အီလက်ထရောနစ် ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ဂိမ်းဆော့ဖ်ဝဲ လုပ်ငန်းများအပါအဝင် လက်တွေ့ကော်ပိုရိတ်အတွေ့အကြုံရှိသော ဦးဆောင်ပညာရှင်များဖြစ်သည်။ ထိုသို့ လက်တွေ့လောကအတွေ့အကြုံများအပေါ် အခြေခံ၍ သင်ကြားပို့ချသူဆရာများသည် ယနေ့ခေတ်စီးပွားရေးလောက၏ လိုအပ်ချက်အလိုက် ရေးဆွဲထားသော လက်တွေ့ကျပညာရေးကို ပေးစွမ်းခြင်းဖြစ်သည်။ ကျောင်းမှ ဆရာအများစုမှာ IT ပညာရှင်များ ပျိုးထောင်ပေးသည့် ဂျပန်၏ ပထမဆုံးသော နည်းပညာပညာရှင်အဆင့်ဘွဲ့ပေးအပ်သော KCGI ကျောင်းအဖွဲ့ဝင်များလည်း ဖြစ်သည်။

■ **ကိုယ်ပိုင်ရည်မှန်းချက်များနှင့် အိပ်မက်များအလိုက် လေ့လာသင်ယူခြင်း**

KCG တွင် မိမိလိုအပ်ချက်အလိုက် အတိအကျရွေးချယ်နိုင်သော သင်တန်းများပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ဇရွေးချယ်သင်ယူစနစ် ကို ကျင့်သုံးပါသည်။ ဤနည်းဖြင့် မိမိစိတ်ဝင်စားမှု၊ အတွေ့အကြုံကိုလိုက်၍ သင်ယူမှုများ ပြုလုပ်နိုင်သည်။ မိမိ၏ အသိပညာလိုက်စားမှုကို ချဲ့တွင်းနိုင်စေရန်အတွက်လည်း ဌာနအမျိုးမျိုးမှ သင်တန်းများ အပါအဝင် ဘွဲ့ရရန်လိုအပ်သည့် ယူနစ်ထက်ပိုမို၍လည်း သင်တန်းများ တက်ရောက်နိုင်သည်။

သင်ရိုးညွှန်းတမ်းသည် အခြေခံမှစ၍ အဆင့်မြင့်နည်းပညာနှင့် အသိပညာအထိ အဆင့်ဆင့်လမ်းညွှန်ပေးသည့်အတွက် ကွန်ပျူတာနှင့် အကျွမ်းတဝင်မရှိသေးသူများပင် ယုံကြည်ချက်အပြည့်နှင့် တက်ရောက်နိုင်သည်။

◆ ပရောဂျက်လေ့လာမှုမှတစ်ဆင့် ဘက်ပေါင်းစုံကုံလုံသော စွမ်းရည်များ ပျိုးထောင်ခြင်း

နီးနောဖလှယ်ပွဲပုံစံသည် နည်းပညာဆိုင်ရာအရည်အသွေးများနှင့် အလုပ်အကိုင်ရှာဖွေရေးအရည်အသွေးများကို တစ်ပြိုင်နက်တည်း တိုးတက်လာစေနိုင်သည်

နီးနောဖလှယ်ပွဲပုံစံတွင် ကျောင်းသားများသည် ကျောင်းနှစ်တစ်နှစ်အတွင်း ပရောဂျက်လေ့လာမှုများ ကို ပြုလုပ်ကြရသည်။ ဤနည်းဖြင့် သင်တန်းတစ်ခုစီမှ ရရှိလိုက်သော အရည်အသွေးနှင့် ဗဟုသုတများသည် အခြားတစ်ခုအတွက် အားဖြည့်ပေးပြီး ဘက်ပေါင်းစုံကုံလုံသော အရည်အချင်းများပိုင်ဆိုင်ကာ လက်တွေ့အသုံးချနိုင်စေသည်။ ပြဿနာတစ်ခုကို ရိုးရိုးသာမန်လေ့လာခြင်းထက် ကျောင်းသားများက အုပ်စုလိုက် အလုပ်လုပ်ခြင်း၊ ရည်စူးပစ်မှတ်များ ချမှတ်ခြင်း၊ အစီအစဉ်ချခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ နောက်ဆုံးအဆင့် တင်ပြခြင်း စသည်တို့ ပြုလုပ်ရသည်။ ရည်မှန်းချက်ပြည့်ဝသော၊ အရည်အသွေးစံနှုန်းမြင့်မားသော လက်ရာများ ဖန်တီးနိုင်စေသည်။

နည်းပညာပိုင်းကျွမ်းကျင်မှုသည် ယနေ့ခေတ်၏ စီးပွားရေးလောကအတွက် အလွန်အရေးကြီးပါသည်။ သို့သော် ထိုတစ်ခုတည်းနှင့် မလုံလောက်ပါ။ ခေတ်မီသော ပညာရှင်များ အနေဖြင့် အသင်းအဖွဲ့နှင့် အလုပ်လုပ်နိုင်စွမ်း ၊ ခေါင်းဆောင်မှုစွမ်းရည် ၊ လူပုဂ္ဂိုလ်အချင်းချင်းဆက်ဆံရေး ၊ အချိန်စီမံခန့်ခွဲမှုနှင့် တင်ဆက်မှုစွမ်းရည် စသည်တို့လည်း လိုအပ်ပါသည်။ အုပ်စုလိုက် အလုပ်လုပ်ကိုင်ခြင်း၊ ပရောဂျက်လေ့လာမှုများပြုလုပ်ခြင်း စသည့်အတွေ့အကြုံများကို ထပ်ခါတလဲလဲဖြတ်သန်းခြင်းက အထက်ပါအရည်အသွေးများကို တစ်ပါတည်း ရရှိစေသည်။ ပရောဂျက်များအတွက် အခင်းအကျင်းချမှတ်မှုများသည် ကျောင်းနှစ်တစ်နှစ်ထက်တစ်နှစ် ခက်ခဲမှုမြင့်လာသည်။ အခြေခံတာဝန်များမှစ၍ ဆန်းပြားရှုခံထွေးသည့် တာဝန်များသို့ တဖြည်းဖြည်းပြောင်းထားသည်ဖြစ်ရာ ဘွဲ့ရရှိသည့်အချိန်တွင် မိမိရယူနိုင်ခဲ့သော လက်တွေ့စွမ်းရည်များ၏ အတိမ်အနက်ကို သင်ခံစားသိရှိရမည်ဖြစ်သည်။ သင်ဘွဲ့ယူရမည့်နှစ်တွင် ပြုလုပ်ရမည့် ပရောဂျက်လေ့လာမှုသည် ထိုအချိန်ထိသင်ယူခဲ့သမျှတို့ကို စုပေါင်းထားခြင်းဖြစ်ပြီး သင်၏ ဘွဲ့စာတမ်းအတွက် အုတ်မြစ်ဖြစ်သည်။

ပရောဂျက်လေ့လာမှုတွင် ဖန်တီးခဲ့သည် ပြောင်မြောက်သောလက်ရာများကို နှစ်စဉ်ဖေဖော်ဝါရီလတွင် ကျင်းပသည့် KCG ကျောင်းသားပရောဂျက် တင်ဆင်မှုများအတွက် ဆုပေးပွဲ တွင် ကြေညာပြီး ဆုချီးမြှင့်ပါသည်။

◆ ကျောင်းသားများ၏ သင်ကြားရေးရည်မှန်းချက်များကို ဖြည့်ဆည်းပေးရန်အတွက် ပြည့်စုံသော e-learning

တည်နေရာနှင့် အချိန်အလိုက် အတားအဆီးမရှိ သင့်ကိုယ်ပိုင် အရှိန်ဖြင့် လေ့လာပါ

■ အဆင့်မီ e-Learning စတူဒီယိုများ

ကျိုတို အဲ့ခ်မအဲကျောင်းပရဝုဂ်၏ အဆောက်အဦတွင် နောက်ဆုံးပေါ် ပစ္စည်းကိရိယာများ တပ်ဆင်ထားသည့် e-Learning ထုတ်လွှင့်မှုစတူဒီယို ထည့်သွင်းထားသည်။ တိုက်ရိုက်တင်ဆင်သည့် အကြောင်းအရာအတွက် အဝေးသင် ဟောပြောပို့ချမှု၊ ကြိုတင်ရိုက်ကူးထားသော အကြောင်းအရာအတွက် ဟောပြောပို့ချမှုမှတ်တမ်းတင်ခြင်းစနစ်တို့လည်း ပါဝင်သည်။ ဤ e-learning စတူဒီယိုကို အခြေခံဌာနအဖြစ်အသုံးပြုပြီး KCG မှ သင်ကြားရေးဆရာများသည် e-learning အကြောင်းအရာများကို အလွန်ကောင်းမွန်သော ထုတ်လွှင့်မှုအရည်အသွေးဖြင့် ထုတ်လုပ်ဖြန့်ဝေနိုင်သည်။ ကျောင်းသားများအတွက်လည်း မတူကွဲပြားသော လေ့လာမှုအခွင့်အလမ်းများ ရရှိစေနိုင်သည့် စနစ်ဖြစ်သည်။

■ KING-LMS မှတစ်ဆင့် ၂၄ နာရီ အထောက်အပံ့ပေးမှု၊ အဆင့်မီ လေ့လာသင်ကြားရေး စီမံခန့်ခွဲမှုစနစ်

ယနေ့ ကမ္ဘာ့နေရာအနှံ့မှ အင်တာနက်သုံးစွဲနိုင်ခြင်းကြောင့် သတင်းအချက်အလက်များ ချက်ချင်းရယူရန် လွယ်ကူသည်ဖြစ်ရာ ဤအခြေအနေအတိုင်းဖြစ်မည်ဟု အမြဲပုံသေတွက်ဆတတ်ကြသည်။ ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်လာနိုင်သည်ကို ကြိုတင်တွက်ဆထားပြီး KCG သည် ဂျပန်နိုင်ငံ၏ ပညာသင်ကျောင်းများထဲမှ လေ့လာသင်ကြားရေး စီမံခန့်ခွဲမှုစနစ် (LMS) ကို ပထမဆုံး ကျင့်သုံးခဲ့သည်။

ဤစနစ်ကိုအသုံးပြုပြီး ကျောင်းသားများအလိုရှိရာ အကြောင်းအရာကို လွတ်လပ်စွာနှင့် လွယ်ကူစွာ သင်ယူနိုင်သည်။ PC သို့မဟုတ် စမတ်ဖုန်းဖြင့် နေရာမရွေး အချိန်မရွေး သင်ယူနိုင်သည်။

"KING-LMS" ကို အသုံးပြု၍ လေ့လာသင်ယူခြင်း	• သူတို့၏ သင်ယူမှု စာမျက်နှာ မှ digital ပြောင်းထားသော ဘာသာရပ်အသီးသီး၏ ပို့ချချက်မှတ်စုများကို ရယူပြီး အိမ်မှသော်လည်းကောင်း အင်တာနက်ကို အသုံးပြု၍ ၂၄ နာရီ အချိန်ပြည့် လွတ်လပ်စွာ သင်ယူနိုင်သည်။ • ပြင်ဆင်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း။ ဖြေရှင်းရန်စိန်ခေါ်မှုများကို တင်ပြခြင်း၊ BBS (သင်ပုန်း) ကို အသုံးပြုခဲ့သည့် ဆရာနှင့် ကျောင်းသား၊ ကျောင်းသားအချင်းချင်း သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် မေးခွန်းအမေးအဖြေများ လုပ်နိုင်သည်။ • မိမိစိတ်ဝင်စားမှုနှင့် ရည်ရွယ်ရာကို လိုက်၍ အခြား ပညာရပ်၊ အခြား ဌာနမှ ဖွင့်လှစ်သော ဘာသာရပ်စသည့် မိမိမလေ့လာမသင်ယူဖြစ်သည့် ဘာသာရပ်ကို မိမိ ဘာသာလေ့လာနိုင်သည်။ • ကျောင်းမှ အကြောင်းကြားစာများကိုလည်း စစ်ဆေးနိုင်သည်။
KING ကွန်ရက်	KCG တွင် ကျောင်းသားသုံး ကွန်ပျူတာအားလုံးသည် KCG သတင်းအချက်အလက်ကွန်ရက် ဂလက်ဆီ (KING) ၏ အစိတ်အပိုင်းဖြစ်သောကြောင့် သီးသန့်သတ်မှတ်ထားသော ဖန်မျှင်ဖိုင်ဘာပတ်လမ်းကြောင်းမှတစ်ဆင့် အင်တာနက်ကို တိုက်ရိုက်ချိတ်ဆက်ပေးသည်။
သီးသန့် ကျောင်းသား ဝက်ဘ်ဆိုက်	KCG ကျောင်းသားများအတွက် သီးသန့်ဝက်ဘ်ဆိုက်ဖြစ်သော KING-LMS တွင် အတန်းချိန်များ၊ အလုပ်အကိုင်ရှာဖွေရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ နောက်ဆုံးပေါ်အချက်အလက်များကို အမြဲတင်ဆက်ပေးသည်။ ကျောင်းသားများအနေဖြင့် အချိန်နေရာမရွေး နေ့စဉ်နေထိုင်မှုဘဝအတွက် လိုအပ်သော အချက်အလက်များကို ကြည့်ရှုနိုင်သည်။ စမတ်ဖုန်းဖြင့်လည်း ဝင်ရောက်နိုင်သည်။

◆ ဘက်ပေါင်းချုံငုံသော အလုပ်အကိုင်ရှာဖွေရေး အထောက်အပံ့စနစ်

နှစ်ဆင့်အကြံပေးမှုစနစ်နှင့် IT မှတစ်ဆင့် အကောင်းဆုံးအထောက်အပံ့ရရှိခြင်း

■ IT ပညာရှင် ပြတ်လပ်လာခြင်းကြောင့် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေချိန်အတွင်းတွင်ပင် ခိုင်မာသည့် အလုပ်စျေးကွက် ရှိနေသည်

ကိုဗစ် ၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အလုပ်အကိုင်ရှာဖွေသူများအတွက် အလုပ်အကိုင်စျေးကွက်မှာ မသေမချာဖြစ်လာရသည်။ သို့သော် KCG ကျောင်းသားများနှင့် ဘွဲ့ရများအတွက် အလုပ်ရှာဖွေရသည်မှာ တည်ငြိမ်သည့် အနေအထားတွင်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်တွင် IT ပညာရှင်များ အထူးသဖြင့် အဆင့်မြင့် IT ပညာရှင်များ ကြာရှည်စွာ ပြတ်လပ်လျက်ရှိနေပြီး KCG ကျောင်းသားများကမူ လူအဖွဲ့အစည်း၏ လိုအပ်ချက်များအပေါ် အခြေခံထားသော နောက်ဆုံးအဆင့်မီ စွမ်းရည်များကို သင်ကြားခွင့်ရသောကြောင့်ဖြစ်သည်။
ကမ္ဘာ့ကပ်ရောဂါက သယ်ဆောင်လာသော တစ်ဆစ်ချီး ပြောင်းလဲမှုများကြားတွင် အွန်လိုင်းဖြင့်အိမ်မှအလုပ်လုပ်ခြင်း၊ အွန်လိုင်းတွင် ပွဲကျင်းပခြင်း စသည်ဖြင့် IT ကို အသုံးချသော နယ်ပယ်များကို လျင်မြန်စွာ ချဲ့ထွင်လာကြသည်။ KCG ဘွဲ့ရများသည် ယနေ့စီးပွားရေးလောကလိုအပ်သော ပုဂ္ဂိုလ်များပင်ဖြစ်သည်။

■ ကျယ်ပြန့်သော လုပ်ငန်းနှင့် နယ်ပယ်မျိုးစုံတွင် တက်ကြွသော အခန်းကဏ္ဍများမှ ပါဝင်လျက်ရှိသည်

ယခုအချိန်တွင် IT မပါဝင်သော စီးပွားရေးကို စိတ်ကူးယဉ်ကြည့်၍ပင်မရပါ။ ကွန်ပျူတာဆိုင်ရာဗဟုသုတရှိရန်မှာ ကွန်ပျူတာနယ်ပယ်တွင်သာမဟုတ်ဘဲ စီးပွားရေးနယ်ပယ်တိုင်းတွင် လိုအပ်လာပြီဖြစ်သည်။ ထုတ်လုပ်ရေး၊ လက်ကားရောင်းချရေရေ ဘဏ္ဍာရေး၊ ဆောက်လုပ်ရေးနှင့် မီဒီယာစသဖြင့် အမျိုးမျိုးအထွေထွေသော နယ်ပယ်များရှိ ကုမ္ပဏီများတွင် ကွန်ပျူတာနှင့်သက်ဆိုင်သော စွမ်းရည်၊ ဗဟုသုတရှိသူများကို စဉ်ဆက်မပြတ် လိုအပ်ချက်ရှိနေသည်။ KCG ဘွဲ့ရများ တက်ကြွစွာဦးဆောင်ပါဝင်နိုင်သော အခန်းကဏ္ဍများမှာ အကန့်အသတ်မရှိပါ။

■ တစ်ဦးချင်းစီအပေါ် အသေးစိတ်အာရုံစိုက်သော လမ်းညွှန်မှုကြောင့် အကောင်းဆုံး အလုပ်အကိုင်ရှာဖွေရေး အတွေ့အကြုံကို ရရှိစေသည်

ကျောင်းသားများ၊ ဘွဲ့ရများအနေနှင့် စိတ်ကျေနပ်မှုရှိသော အလုပ်အကိုင်ရှာဖွေမှု အတွေ့အကြုံရရှိရန်မှာ မှန်ကန်သော အကြံပေးသူများရှိရန် လိုအပ်သည်။ ထိုအချက်ကို နှလုံးသွင်း၍ KCG သင်တန်းဆရာများနှင့် အသက်မွေးဝမ်းကြောင်းစင်တာ အကြံပေးအရာရှိများသည် ကျောင်းသား တစ်ဦးချင်းစီ၏ ပီသေသလက္ခဏာများနှင့် လိုအပ်ချက်များကို ဆန်းစစ်၍ နီးကပ်စွာပူးပေါင်းလုပ်ဆောင်ပြီး အရေးပါသော အလုပ်အကိုင်ရှာဖွေရေး အကြံပြုချက်များ ပေးအပ်ပါသည်။ ပထမနှစ်မှစတင်၍ အင်တာဗျူးများ ထပ်ခါတလဲလဲ လုပ်ဆောင်သည်ဖြစ်ရာ ကျောင်းသားတစ်ဦးချင်းစီ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှု၊ ပညာရေးရည်မှန်းချက်များနှင့် အခြားအရာများကို အသေးစိတ်လမ်းညွှန်မှု ပေးနိုင်သည်။ အသက်မွေးဝမ်းကြောင်းစင်တာနှင့်ထမ်းများသည် အချိန်မရွေးပင် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အကြံဉာဏ်များ ပေးပါသည်။ KCG ၏ အလုပ်အကိုင်ရှာဖွေရေးနှင့် အသက်မွေးဝမ်းကြောင်း လမ်းညွှန်မှု ဝန်ဆောင်မှုနှင့်ပတ်သက်သည့် ထူးခြားသောလက္ခဏာရပ်မှာ တစ်ဦးချင်းစီ၏ လိုအပ်ချက်ကို အသေးစိတ်အာရုံစိုက်ခြင်းပင်ဖြစ်သည်။

KCG Group ၏ သင်္ကေတအရောင်

kcg.edu Kyoto Computer Gakuin

KCG အပြာရောင် (Kyoto Computer Gakuin အရောင်၊ KCG Group ၏ သင်္ကေတအရောင်)

Kyoto Computer Gakuin ၏ အရောင် တနည်းအားဖြင့် KCG Group ၏ သင်္ကေတအရောင်ဖြစ်သည့် အပြာရောင်သည် ကျောင်းဝတင်ဝည်ထောင်ခဲ့သည့် အဖွဲ့ဝင်များအားလုံးသည် ကျိုတိုတက္ကသိုလ်မှ တက္ကသိုလ်ကျောင်းသားများ။ ဘွဲ့ရကျောင်းသားများ ဖြစ်သည့်အတွက် ကျိုတို တက္ကသိုလ်၏ ကျောင်းအရောင်ဖြစ်သည့် အပြာရင့်ရောင်ကို အခြေခံပြီး ရွှေးချယ် သတ်မှတ်ထားပါသည်။ ၁၉၇၀ နှစ်မှစ၍ စတင်အသုံးပြုလာခဲ့ပြီး၊ ကျောင်းတည်ထောင်ပြီး ၃၅ နှစ် (၁၉၉၈ ခုနှစ်) တွင် အရောင်သတ်မှတ်ကာ KCG Group အနေဖြင့် အမှတ်သညာပြုခဲ့သည်။

kcg.edu The Kyoto College of Graduate Studies for Informatics

KCG အနီရောင် (The Kyoto College of Graduate Studies for Information ကျောင်းအရောင်)

KCG Group ၏ တည်ထောင်သူ အကြီးအမှူး ဟဆဲဂဝ ရှိဂဲအို သည် မနှစ်က သင်တန်းကျောင်း အုပ်ချုပ်နေပြီး တစ်ဖက်တွင် ဟားဗတ်တက္ကသိုလ်သို့ သွားရောက် ပညာသင်ကြားခဲ့ပြီး၊ ငယ်ရွယ်စဉ်က မလေ့လာခဲ့ရသော ပညာကို တဖန်သင်ကြားခဲ့သည်။ ဘော့စတွန်တွင် တိုက်ခန်းဌားပြီး၊ ငယ်ရွယ်သော ကျောင်းသားများနှင့် အတူတကွ စာပေနှင့် ဒဿနိကဗေဒ ပညာများကို သွားရောက်သင်ကြားခဲ့သည်။ The Kyoto College of Graduate Studies for Informatics ၏ ကျောင်းအရောင်သည် တည်ထောင်သူက သွားရောက်သင်ယူခဲ့သော ဟားဗတ်တက္ကသိုလ်၏ ကျောင်းအရောင် ဖြစ်သည့် အနီရင့်ရောင်ကို အခြေခံကာ၊ KCG အပြာရောင်နှင့် ကွဲပြားစွာ သတ်မှတ်ခဲ့သည်။ ၎င်းသည် အသက်အရွယ်ကြီးရင့်သော ယောကျ်း မိန်းမ မခွဲခြားဘဲ၊ အစဉ်တာဝရ အသစ်များကို စိန်ခေါ်ပြီး၊ နိုမ်ခ်ျစွာ သင်ယူနေမည့် ပုံသဏ္ဌာန်ကို ဖော်ပြနေသည်။

kcg.edu Kyoto Japanese Language Training Center

KCG အစိမ်းရောင် (Kyoto Japanese Language Training Center ကျောင်းအရောင်)

KCG Group ၏ နိုင်ငံရပ်ခြားမှ ပညာသင်ကျောင်းသားများအတွက် စဉ်းဆုံးသော ဝင်ပေါက် ဖြစ်သည့် Kyoto Japanese Language Training Center သည် တရားရေးပန်ကြီး၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်သော ဂျပန်စာသင်ကျောင်းဖြစ်ပြီး၊ Ministry of Education، Culture، Sports، Science and Technology မှ ပြင်ဆင်သည့် သင်ရိုးအတိုင်း လိုက်နာပါသည်။ ကမ္ဘာ့ တိုက်ကြီး ၇ ခု၏ စိမ်းသောမြေကမ္ဘာ၏ ပုံရိပ်ကို ယူကာ ကျောင်းအရောင်ကို KCG အပြာရောင်၊ အနီရောင်တို့နှင့် မတူဘဲ အစိမ်းရောင်ကို သတ်မှတ်ထားသည်။ ပညာလာရောက်သင်ကြားဧနသော ပညာသင်ကျောင်းသားများ၏ စွမ်းရည်ပွဲပြိုင်ပုံကို ဖော်ပြနေပါသည်။

kcg.edu Kyoto Computer Gakuin Automobile School

KCG လီမော်ရောင် (Kyoto Computer Gakuin Automobile School ကျောင်းအရောင်)

Kyoto Computer Gakuin Automobile School ကျောင်းအရောင်ကို KCG အုပ်စုအောက်သို့ ကျောင်းဝင်ရောက်ခဲ့သည့် ၂၀၀၃ ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။ လီမော်ရောင်သည် အားအင်ပြည့်ဝပြီး အပြုသဘောဆောင်သည့် ပုံရိပ်ကိုထင်ဟပ်ပြီး လုံးပြုသောကင်းခြင်းကို မြင်သာမှု ပိုမိုရှိစေလိုသည့်အခါ အသုံးပြုသည်။ ယနေ့ကားမောင်းရာတွင် လီမော်ရောင်က လုံးပြုသောကင်းမှုကိုရှာဖွေခြင်းအား ကိုယ်စားပြုသကဲ့သို့ ကျောင်းသား အခက်အခဲများကျော်လွှားရန် ကြိုးစိုင်သောအားစိုက်ထုတ်မှုများကိုလည်း ကိုယ်စားပြုပါသည်။

နောက်ဆုံးပေါ် စက်ပစ္စည်း

ပိုမိုလေ့လာရန်

အခြားကျောင်းများမယှဉ်သာသော နောက်ဆုံးပေါ် PC အလုံးဂုဏပတပ်ဆင်ထားပြီ စက်ပစ္စည်းဖြင့်ပြည့်စုံသည့်ပတ်ဝန်းကျင်

KCG တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ထိပ်တန်းဦးစားပေးဖြစ်သော- ကျောင်းသားများ အဆင့်အမြင့်ဆုံးနည်းပညာများကို လွတ်လပ်စွာ လေ့လာသင်ယူနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် ကိစ္စရပ် အကောင်အထည်ပေါ်လာစေရန်အတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးအရည်အသွေးမှာ ကျွန်ုပ်တို့အလေးအထားဆုံးအရာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျောင်း၏ အတွေ့အကြုံများသည် လျင်မြန်စွာ တိုးတက်လျက်ရှိသောကြောင့် အဆိုပါ ပညာရေး အတွေးအခေါ် ဆိုင်ရာ ခံယူချက်သည် ယနေ့ထိတိုင် တည်မြဲလျက်ရှိသည်။

ဂိမ်းဖန်တီးခြင်း လက်တွေ့လေ့လာမှုအခန်း

ပရိုဂရမ်ရေးသားခြင်း လက်တွေ့လေ့လာမှုအခန်း

ကွန်ရက် လက်တွေ့လေ့လာမှုအခန်း

Mac အက်ပ်ဖန်တီးမှု လက်တွေ့ခန်း



ဒေတာဘေ့စ် လက်တွေ့လေ့လာမှုအခန်း

Mac ဒီဇိုင်း လက်တွေ့ခန်း



အီလက်ထရောနစ်နှင့် စက်မှု အင်ဂျင်နီယာနည်းပညာ လက်တွေ့လေ့လာမှုအခန်း

CAD/အင်ဂျင်နီယာ ပရိုဂရမ်ရေးသားခြင်း လက်တွေ့လေ့လာမှုအခန်း

အထူးပြုလုပ်ချက်များနှင့် Anime လက်တွေ့ခန်း



လျှပ်စစ်ပိုင်းဆိုင်ရာနှင့် အီလက်ထရောနစ် ဆားကစ် ထုတ်လုပ်ရေး လက်တွေ့လေ့လာမှုအခန်း

3D CG ထုတ်လုပ်ရေး လက်တွေ့လေ့လာမှုအခန်း

မော်တော်ယာဉ်ထိန်းချုပ်ခြင်း လက်တွေ့လေ့လာမှုအခန်း

တက်ရောက်ရလွယ်ကူမှုရှိသော အတန်းများ

ခန်းမကြီး

e-Learning စတူဒီယို

အချက်အလက်

အသံဖမ်းစတူဒီယို

ကျောင်းသား နားနေခန်း

KCG ဆုပေးပွဲ

ပိုမိုလေ့လာရန်

ကျောင်းသား ပရောဂျက် တက်ဆက်မှုများ

◆ ကျွန်ုပ်တို့ကျောင်းသားများသည် ထိပ်သီးဦးဆောင်သူများဖြစ်ကြောင်း KCG ဆုပေးပွဲက သက်သေပြလျက်ရှိသည်။

နှစ်စဉ်နှစ်တိုင်း KCG ကျောင်းသားပရောဂျက်တင်ဆင်မှုများအတွက် ဆုပေးပွဲကို KCG က ကျင်းပပါသည်။ ဤနှစ်စဉ်ဆုပေးပွဲတွင် ကျောင်းသားများသည် ၎င်းတို့နှစ်စဉ်ပရောဂျက်များကို ရလဒ်များကို ကြေညာရသည်။ ဘွဲ့ရနှစ် ပရောဂျက်များ၊ ၎င်းတို့၏ မန်ဂေဆော်ပရာ လည်း အပါအဝင်ဖြစ်သည်။ ဤကျောင်းသားပရောဂျက်များထဲမှ အပြောင်းမြောက်ဆုံးလက်ရာများကို ရွေးချယ်ပြီး ပွဲအခမ်းအနားဖြင့် ထူးချွန်ဆု ချီးမြှင့်သည်။ များစွာသော ပရောဂျက်တို့သည် ချက်ချင်းပင် စီးပွားရေးအကျိုးအမြတ်ရရှိအောင် ပြုလုပ်နိုင်ခြင်းကြောင့် စီးပွားရေးလောကနှင့် ပညာရေးအဝန်းဝိုင်းကြားတွင် ချိုးကျူးဂုဏ်ပြုမှုများ ရရှိသည်အထိ ဖြစ်သည်။

◆ နိုင်ငံတကာကျောင်းသားများလည်း တက်ကြွစွာပါဝင်ကြပြီး အကောင်းဆုံးပရောဂျက်ဆုနှင့် ထူးချွန်ဆုများပင် ဆွတ်ခူးရရှိကြသည်။

နှစ်စဉ်နှစ်တိုင်း KCG ကျောင်းသားပရောဂျက် တင်ဆက်မှုများအတွက် ဆုပေးပွဲတွင် နိုင်ငံတကာကျောင်းသားများ စိတ်အားထက်သန်စွာ ပါဝင်ကြမြဲဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံမှ လျီလန်းပြောင် နှင့် ဂျပန်အတန်းဖော်တို့ နှစ်ယောက်သည် Game Development မိတ်ဆက်အတန်းတွင် စာရင်းသွင်းတက်ရောက်ပြီး အာရုံခံဆော့ကစားရေသောဂိမ်း - Magic Folders ကို တီထွင်ခဲ့ကာ အကောင်းဆုံးပရောဂျက်ဆုကို ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်ကျောင်းသား ငုယင်တန်မန်းသည် Information Engineering အတန်းတွင် တက်ရောက်ခဲ့ပြီး ဂျပန်အတန်းဖော်တစ်ဦးနှင့်အတူ စက်ရုပ်ဖုန်စုပ်စက်ဖန်တီးမှုအတွက် ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

KCG ဆုပေးပွဲ 2019 အကောင်းဆုံး ပရောဂျက် ဆု

အာရုံခံဆော့ကစားရသောဂိမ်း - Magic Folders

Game Development မိတ်ဆက် လျီလန်းပြောင်၊ ဆုဘာစ အူအဲဒါ
Lyu Langbiao Tsubasa Ueda

ဤဂိမ်းသည် တွစ်စတာဂိမ်းနှင့်ဆင်ပြီး
တိုက်ခိုက်ရေးထိန်းချုပ်ရလုတ်သုံးရသည်။ "မော်မန္တန်ပေါင်းစပ်မှု"
စနစ်နှင့် ချိတ်ဆက်ထားပြီး ကစားသမားများ အချင်းချင်း စိတ်ပိုင်း၊
ရုပ်ပိုင်း ပြိုင်ဆိုင်ရခြင်းဖြစ်သည်။

ယခုကဲ့သို့ အတွေးအမြင်အသစ်ဖြစ်သည့် ဓော်မန္တန်ပေါင်းစပ်မှု၊ ကစားသမားနှင့် ကစားသမား ပစ်ခတ်ရသည့်ဂိမ်းတွင် ကစားသမားများသည် အပြင်အဆိုန်နှင့်တပြေညီ အချင်းချင်းအပေါ် မန္တန်များသုံး၍ ထူးခြားသည့် ဂိမ်းကစားနည်းကို သုံးခြင်းဖြစ်သည်။ စဝင်သည့်အဆင့်တွင် အခက်အခဲများသိပ်မရှိသော်လည်း နောက်ဝိုင်းတွင် အပြည့်အစုံရုပ်လုံးပေါ် လာသော တိုက်ပွဲလုပ်ဆောင်ချက်များမှာ ရှုပ်ထွေးလာသည်။



စက်ရုပ်ဖုန်စုပ်စက်

KCG ဆုပေးပွဲ 2021 ထူးချွန်ဆု

Information Engineering

ငုယင်တန်မန်း၊ ခအိုရှ အရခိ
Nguyen Tan Manh Kaoru Araki

ဤစက်ရုပ်ဖုန်စုပ်စက်သည် အခန်းကို အလိုအလျောက်သန့်ရှင်းပေးသည်။ အထက်ဝိုင်း ထိန်းချုပ်နယ်ကိုသုံးပြီး သန့်ရှင်းရေး စတင်လုပ်ဆောင်ခြင်း၊ ရပ်ခြင်း ပြုလုပ်ရသည်။ Wi-Fi ချိတ်ဆက်မှုကို အသုံးပြုပြီး စမတ်ဖုန်းဖြင့် ဤစက်ရုပ်အား အဝေးထိန်းလည်ပတ်စေနိုင်သည်။

Cycle Safety Computer

KCG ဆုပေးပွဲ 2024 အကောင်းဆုံး ပရောဂျက် ဆု

Digital Game နှင့် Amusement
အိုဝဟိုရိ၊ တာကဟရှိ၊ အိကို၊ တနာဘဲ
Iwahori Takahashi Ikoma Tanabe

ဤကိရိယာသည် စက်ဘီးနှင့် ချိတ်သည်။ လက်ကိုင်ဘားယူနစ်တွင် CSC ဗိုက်ခရိုကွန်ထရိုလာနှင့် မျက်နှာပြင်တစ်ခုပါရှိပြီး စက်ဘီးဘောင်ကို အာထရာဆောင်းအာရုံခံကိရိယာဖြင့် တပ်ဆင်ထားသည်။ မျက်နှာပြင်သည် အမြန်နှုန်းနှင့် ရာသီဥတု အချက်အလက်များကို ပြသပေးရုံသာမက နောက်ဘက်မှ ချဉ်းကပ်လာသော ကားများ၏ အသံနှင့် LED မြင့် စီးနင်းသူကို သတိပေးသည်။

Yusha Mini

KCG ဆုပေးပွဲ 2024 ထူးချွန်ဆု

Digital Game နှင့် Amusement ယာမနက၊ မူရယာမ၊ အိချိကဝ
Yamanaka Murayama Ichikawa
Engineering for Embedded Systems တန် Tan

အလိုလိုသိသောလုပ်ဆောင်ချက်သည် ဤအက်ရှင်ဂိမ်းကို ပျော်ရောကောင်းစေသည်။ ရန်သူကို အဆက်မပြတ်တိုက်နိုက်ခြင်းဖြင့် ကစားသမားများသည် တိုက်ခိုက်ရေးပေါင်းစပ်မှုများကို တည်ဆောက်ပြီး ဟီးရိုး Yusha ကို အားကောင်းစေသည်။ ကစားသမားများသည် ရုန်းနိုမ့်သောရန်သူများကို မောင်းထုတ်ပြီး ဘက်ဖိများကိုရယူနိုင်သည်။ Yusha သည် တိုက်ခိုက်ရေး ပေါင်းစပ်မှုများ နှင့် ဘက်ဖိအများအပြားကို ရယူခြင်းဖြင့် အားကောင်းလာသောအခါတွင် သူသည် မည်သည့် ရန်သူကိုမဆို ချက်ချင်း ချေမှုန်းနိုင်ပြီး အဓိပ္ပါယ်ဖော်နိုင်သော စွမ်းအားကို ဖန်တီးနိုင်သည်။



ဗိုက်ခရိုမောက်စ် (အပြာရောင်အလင်း) ဖ္ဆီဖြိုးတိုးတက်မှု

KCG ဆုပေးပွဲ 2024 ထူးချွန်ဆု

Engineering for Embedded Systems ဟိရရှိ Hayashi

ဗိုက်ခရိုမောက်စ်ဟု အမည်ပေးထားသည့် အပြိုင်အဆိုင် စက်ရုပ်တစ်ခုကို ကျွန်ုပ်တို့ ဖန်တီးထားပါသည်။ စက်ရုပ်သည် ပန်းတိုင်ဩဒိနိုတ်များကို သင်ပေးသောအခါ၊ ၎င်းသည် ပန်းတိုင်ဆီသို့ အလိုအလျောက် ရွေ့လျားကာ ၎င်းသွားသည့်အတိုင်း ဝင်္ကပါကို ဖြေရှင်းနိုင်သည်။ ဗိုက်ခရိုမောက်စ်သည် ယခင်က လေ့လာခဲ့သည့် အသိပညာနှင့် နည်းပညာများကို လက်တွေ့အသုံးချရန် တာဝန်တစ်ခုအဖြစ် ဖန်တီးထားသည်။



Blackbird

KCG ဆုပေးပွဲ 2024 ထူးချွန်ဆု

ကွန်ပျူတာသိပ္ပံ အိဆိုဘဲ၊ ယာမဒ၊ ဆုဂိယာမ၊ ဒိုအို၊ အိုဘရ
Isobe Yamada Sugiyama Doi Obara

ဤအက်ပ်ကို စ်ပြဆိုရှယ်မီဒီယာဝန်ဆောင်မှုကို ဖန်တီးရန် ကြိုးပမ်းမှုဖြင့် တည်ဆောက်ထားသည်။ ဆိုရှယ်မီဒီယာ၏ သဘောသဘာဝအရ Blackbird သည် ဘေးကင်းလုံခြုံရေးအတွက် တင်းကျပ်သော လုံခြုံရေးအစီအမံများဖြင့် ဒီဇိုင်းထုတ်ထားသည်။ ဆာဗာအဆုံးတွင်၊ ၎င်းကို Python ပတ်ဝန်းကျင်အတွက် မူဘောင်တစ်ခုဖြစ်သည့် Django REST Framework ကို အသုံးပြု၍ တီထွင်ခဲ့သည်။ ရှေ့ဆုံးတွင်၊ ကလိုင်းယင့်အက်ပ်ကို JavaScript နှင့် React ကို အသုံးပြု၍ ဖန်တီးထားသည်။

Dirty Planet

KCG ဆုပေးပွဲ 2024 ထူးချွန်ဆု

Digital Game နှင့် Amusement
အူဆုအို၊ မတ်ဆုဒ၊ ဟတိုရိ၊ မိုရိ၊ ဖူဂျိတ
Usui Matsuda Hattori Mori Fujita

ကစားသမားလေးဦးအထိအတွက် 3D သေနတ်ပစ်ခွင့်စားခန်းဂိမ်း။ Dirty Planet သည် တိုက်ခိုက်မှု၊ ကာကွယ်ရေးနှင့် ပရိုဗလီယာ ဘောတရားအပေါ် အခြေခံ၍ လွတ်လပ်သောအကွာအဝေး စိတ်ကူးဉာဏ်စွမ်းအားဖြင့် ကစားနိုင်သည်။ ကစားသမားများသည် ၎င်းကိုဖြစ်စေသော လေထုညစ်ညမ်းမှုကို ဖယ်ရှားခြင်းဖြင့် ကြယ်အချင်းချင်းရောဂါကို ကုသပေးနေသည့် ဆရာဝန်များဖြစ်သည်။ ရည်ရွယ်ချက်မှာ နောက်ဆုံးအဆင့်တွင် အတွင်းအကျဆုံး အူတိုင်းကိုရောက်ရှိပြီး သန့်စင်ခြင်းဖြင့် ရှင်းလင်းရန်ဖြစ်သည်။

Boozer

KCG ဆုပေးပွဲ 2024 ထူးချွန်ဆု

ကွန်ပျူတာသိပ္ပံ ကိကူဇကိ၊ အိဝဆာကိ၊ အိုဂဝ၊ အိုကမိုတို
Kikuzaki Iwasaki Ogawa Okamoto

ဤဝဘ်အက်ပ်သည် ရိုးရှင်းသောကော့တေးများဖန်တီးရာတွင် ပေါက်ဖွားလာသော mixologist များကို ပံ့ပိုးဖေးပါသည်။ အသုံးပြုသူများသည် ပါဝင်ပစ္စည်းများ၊ အရောင်အသွေး၊ အရက်ပါဝင်မှုနှင့် အရသာကဲ့သို့သော ကန့်သတ်ချက်အများအပြားကို သတ်မှတ်ခြင်းဖြင့် ကော့တေးကို အလွယ်တကူ ရှာဖွေနိုင်သောကြောင့် အသုံးပြုသူများသည် ကော့တေးကို အလွယ်တကူ ရှာဖွေနိုင်မည်ဖြစ်သည်။ အပလီကေးရှင်းသည် မည်သည့်ဖန်ခွက်တစ်ဖက်တွင်မဆို ဘွဲ့တံဆိပ်များဆွဲရန် augmented reality ကိုအသုံးပြုထားသောကြောင့် အသုံးပြုသူများသည် ပါဝင်ပစ္စည်းများကို တိုင်းတာစရာမလိုဘဲ ၎င်းတို့၏ကော့တေးများကို ပြင်ဆင်နိုင်သည်။

ဂိမ်းများနှင့် အန်နီမေး

ဂိမ်းနှင့် အန်နီမေးခင်းကျင်းပြသသည့်ပွဲအမျိုးမျိုးတွင် KCG က ပါဝင်တက်ရောက်ပါသည်။

ဂျပန်ဗီဒီယိုဂိမ်းများကို အဆင့်မြင့်သောနည်းပညာဖြင့် ပြုလုပ်ဖန်တီးသည်ဖြစ်ရာ ကမ္ဘာအနှံ့မှပရိတ်သတ်များထံမှ နှစ်ခြိုက်မှုနှင့် ချီးကျူးမှုများရရှိမြဲဖြစ်သည်။ KCG တွင် ဂိမ်းနှင့်အန်နီမေး ထုတ်လုပ်ရေး သင်တန်းများ ပို့ချပါသည်။ ခင်းကျင်းပြသပွဲအမျိုးမျိုးတွင်လည်း KCG က အားတက်သရောပါဝင်ကာ ကျောင်းသားများ၏ စွမ်းရည်နှင့် ပြီးမြောက်အောင်မြင်မှု အဆင့်များကို မြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်ပါသည်။ ဤစာရင်းတွင်ပါဝင်သော ခင်းကျင်းပြသပွဲများမှာ KCG ပါဝင်တက်ရောက်သော ကုန်သွယ်ပွဲများနှင့် ပြိုင်ပွဲကြီးများ၏ ဥပမာအချို့သာဖြစ်သည်။

နှစ်စဉ်ကျင်းပသော
Unreal Fest West

နှစ်စဉ်နှစ်တိုင်း KCG က လက်ခံကျင်းပသော Unreal Fest West သည် Unreal Engine (UE) ကို ဖန်တီးရေးဆွဲခဲ့သည် Epic Games, Inc.၊ ဂျပန်အဖွဲ့,ဖွဲ့က ကမကထပြုလုပ်သည့် တရားဝင်ဖြစ်သော သင်ယူလေ့လာရေးပွဲကြီးဖြစ်သည်။ KCG အဖွဲ့ဝင်များနှင့် ကျောင်းသားများစွာသည် ထိုပွဲအောင်မြင်ရန် အတူတကွလက်တွဲကြိုးစားကြသည်။ KCG တွင် UE အသုံးပြုသော ဂိမ်းများဖန်တီးသည့် သင်တန်းများပို့ချသောကြောင့် Unreal Fest West တွင်ပါဝင်ပြသခြင်းက ကျောင်းသားများ၏ စွမ်းရည်နှင့် အသိပညာကို ပိုမို၍ဆက်မြတ်လာစေသည်။ UE ညီလာခံပွဲများ တင်ဆက်ခြင်းကိုလည်း ပူးပေါင်းဆောင်ရွက်ပါသည်။

Unity ဒိုးဂျို့ ကျို့တိုစပါယ်ရှယ်တွင် ပါဝင်မှုမြင့်မားခြင်း

Unity ဂိမ်းအင်ဂျင်ကို Fate/Grand Orden Pokémon GO နှင့် Super Mario Run တို့ကဲ့သို့ နာမည်ကျော်ကြားသော ဂိမ်းများဖန်တီးရေးဆွဲရာတွင် အသုံးပြုသည်။ KCG ကျို့တို အဲ့ဒီမဟာ ကျောင်းပရဝုဏ်တွင် Unity ကို အထူးပြုသော Unity ဒိုးဂျို့ကျို့တိုစပါယ်ရှယ် သင်ယူလေ့လာရေးပွဲကြီးကို KCG က လက်ခံကျင်းပပါသည်။ ပွဲကို ကမကထပြုလုပ်သော Cloud Creative Studios, Inc.၊ သည် KCG ဘဏ္ဍာရေးစွာကို အလုပ်ခန့်အပ်သည့် ဂိမ်းရေးဆွဲသည့်အဖွဲ့,အစည်းဖြစ်သည်။ ယခုနှစ်ပွဲတွင် အခမ်းအနားမူးများနှင့် VR ဂိမ်းအတွေ့,အကြုံရုံယ်များတွင် တက်ရောက်ကြသူများထဲမှ အများစုမှာ KCG ဘဏ္ဍာရေးဖြစ်သည်။

ကျို့တိုပေါ့ပ်ယဉ်ကျေးမှုကို ကမ္ဘာကြီးအားမျှဝေရန် KYOMAF ကို ကမကထပြုလုပ်ခြင်း

KCG သည် ကျို့တိုနိုင်ငံတကာ မန်ဂနဇာ အန်နီမေးပြသပွဲ (KYOMAF) ကို ဆောင်ဦးရာသီတိုင်းတွင် ဂုဏ်ယူစွာဖြင့် ကျို့တိုတွင် ကမကထပြုလုပ်သည်။ ဤပွဲကိုစီစဉ်နေချိန်တွင် ကျို့တိုမှ ပေါ့ပ်ယဉ်ကျေးမှုကို ကမ္ဘာကြီးသိသို့ မျှဝေနိုင်ရန် အားထုတ်လုပ်ဆောင်ပါသည်။ နှစ်စဉ်နှစ်တိုင်း မန်ဂနဇာ အန်နီမေး ပရိသတ်များ တက်ရောက်ကြပြီး KCG ရုံးယဇ်တင်လည်း ပရိတ်သတ်များ တန်းစီရသည်အထိပင်ဖြစ်သည်။
ကိုဝစ် ၁၉ ကမ္ဘာကပ်ရောဂါအတွင်းတွင် ပညာရှင်အဆင့် အန်နီမေးရုင်းရေးဆွဲသူများသည် ဒီဂျစ်တယ်အနုပညာများရေးဆွဲပြသမှုများကို အွန်လိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ခြင်း၊ အန်နီမေး ဖန်တီးခြင်းလုပ်ငန်းစဉ်ကို ရှင်းပြသည့် တိုက်ရိုက်ဟောပြောပို့ချမှုများ တင်ဆက်ခြင်း စသည်တို့ ပြုလုပ်ကြသည်။

ပိုမိုလေ့လာရန်

Kyocotan သည် KCG ၏ တရားဝင် လာဘ်ကောင်ဇတ်ရှင်ဖြစ်သည်။
ထိုဇာတ်ကောင်ကို စတိုင်နှင့် ပုံစံအမျိုးမျိုးဖြင့် KCG ကျောင်းသားများ၊ ဆရာများနှင့် ပညာရှင်အဆင့် ဖန်တီးရေးဆွဲသူများက ဒီဇိုင်းရေးဆွဲကြသည်။
Kyocotan ကို KYOMAF အပါအဝင် ခင်းကျင်းပြသပွဲ အမျိုးမျိုးတွင် တွေ့နိုင်ပါသည်။

KCG ပြတိုက်

Information Processing Society of Japan အသိအမှတ်ပြု ကွန်ပျူတာချင်းချိတ်ဆက်ထားသည် Distributed Computing ပြတိုက်အနေဖြင့် တစ်နိုင် ငံလုံး ပထမ

KCG သည် ဂျပန်နိုင်ငံ၏ ပထမဦးဆုံး "ကွန်ပျူတာပြတိုက်" အားအကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်ကြိုးစားလျက်ရှိနေပါသည်။ ကျို့တိုအဲ့ခ်ိမဆဲကျောင်းပရဝုဏ်အတွင်းတွင် "သတင်းအချက်အလက်ကိုင်တွယ်ဖြေရှင်းမှုနည်းပညာအမွေအနစ်" ဖြစ်သည့် အသိအမှတ်ပြု ပစ္စည်းကိရိယာစသည်တို့,ကို တစ်နေရာတည်းမှာပြသထားမြီး ပညာသင်ကြားရာနေရာ အဖြစ် အတူတကွအသုံးပြုနေကြပါသည်။

ဂျပန်နိုင်ငံ၏ ပထမဦးဆုံးကွန်ပျူတာကျောင်းဖြစ်သည့် KCG သည် စတင်တည်ထောင် သည့်နစ်မှစ၍ နှစ်ပေါင်း ၆၀ ကျော်ကြာ ပညာသင်ကြားရေး၊ လက်တွေ့,လေ့ကျင့်ခြင်းနှင့် သုတော သနပြုလုပ်ခြင်းတို့,တွင် အသုံးပြုလာခဲ့သည့် ကွန်ပျူတာဟောင်းများစသည်တို့,ကို ထိန်းသိမ်းထားပါသည်။ ထို့အပြင် ယခု "ကွန်ပျူတာပြတိုက်" အကောင်အထည်ဖော်နိုင်ရန် မြန်စွာ ပြင်ဆင်နေပါသည်။ KCG စုဆောင်းမှုဖြစ်သည့် "KCG ပြတိုက်" သည် "နိုင်ငံတွင်းတွင် ဖော်ထုတ်တွေ့ရှိလာသည့်စက်ပစ္စည်းကိရိယာများကို ထိန်းသိမ်းထားလျက်ရှိနေသည်" ဟူသောအကြောင်းပြချက်ဖြင့် ၂၀၀၉ခုနှစ်တွင် အဖွဲ့အစည်း (ယခု ယေဘုယျအဖွဲ့အစည်း) ဖြစ်သည့် Information Processing Society of Japan မှ ကွန်ပျူတာချင်းချိတ်ဆက်ထား သည့် "Distributed Computing ပြတိုက်" အနေဖြင့် တစ်နိုင်ငံလုံးတွင် ပထမဦးဆုံးအသိအ မှတ်ပြုခြင်းခံခဲ့ရပါသည်။ ထို့ပြင် "TOSBAC-3400" နှင့် "OKITAC-4300 C စနစ်" သည် "Information Processing နည်းပညာအမွေအနစ်" အနေဖြင့် ပထမဦးဆုံးအသိအ မှတ်ပြုခြင်းခံခဲ့ရပါသည်။ ၂၀၁၀ခုနှစ်တွင် "NEAC-2206" သည်လည်း "Information Processing နည်းပညာအမွေအနစ်" အဖြစ်အသိအမှတ်ပြုခြင်းခံရပြီး ကျောင်းအုပ်ကြီး Yasuko Hasegawa ထံသို့ အဆိုပါအဖွဲ့အစည်းမှ ကျေးဇူးတင်လွှာပေးအပ်ချီးမြှင့်ခဲ့သည်။ ၂၀၁၂ခုနှစ်တွင် အသစ်တဖန် "NEAC စနစ် ၁၀၀"၊ ၂၀၁၃ခုနှစ်တွင် "MZ-80K" စသည် ဖြင့် ထိန်းသိမ်းထားသည့် ပစ္စည်းကိရိယာများက ဆက်လက်ပြီး "Information Processing နည်းပညာအမွေအနစ်" အနေဖြင့် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။

ကျို့တိုအဲ့ခ်ိမဆဲကျောင်းပရဝုဏ်တွင် ဤ "Information Processing နည်းပညာအမွေအနစ်" အဖြစ် အသိအမှတ်ပြုခြင်းခံထားရသည့် စက်ပစ္စည်းများအပြင် ယခင်ကရှိခဲ့သည့် တန်ဖိုး ကြီးမားလှသော နာမည်ကြီးစက်ပစ္စည်းများစွာ ခင်းကျင်းပြသထားပါသည်။ ဂျပန်နိုင်ငံ၏ အရှိန်အဟုန်မြင့်မားသည့်ဖွံ့ဖြိုးတိုးတက်မှုများကိုရရှိစေသည့်နည်းပညာများကို နီးကပ်စွာ လေ့လာနိုင်သည့်နေရာအနေဖြင့် လေ့လာသူများလည်း အများအပြား လာရောက်လေ့လာ လျက်ရှိပါသည်။

ကွန်ပျူတာနည်းပညာများ အရှိန်အဟုန်မြင့်မားစွာတိုးတက်လာသည့်နှင့်အမျှ Information Processing ဆိုင်ရာစက်ပစ္စည်းများ မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိပါ သည်။ KCG တွင် လွန်ခဲ့သောနှစ်ပေါင်းများစွာမှ နောက်ဆော်အဆက်ဆက် လက်ဆင့် ကမ်းသယ်ဆောင်သွားသင့်သည် အရေးပါလှသောအဓိဗွာယ်များစွာကိုသယ်ဆောင်ထား သော နည်းပညာများနှင့် ပစ္စည်းကိရိယာ၏ ထိန်းသိမ်းထားပြီး ကောင်းမွန်စွာအသုံးချရန်လို အပ်သည်ဟုမှတ်ယူထားသောကြောင်း "ကွန်ပျူတာပြတိုက်"တည်ဆောက်ရန် ဆောင်ရွက် လာခဲ့ပါသည်။ ကျွန်ပ်တို့ဂျပန်နိုင်ငံသည် နည်းပညာကဏ္ဍတွင် ဦးဆောင်နိုင်ငံအနေဖြင့် နောက်နောင်တွင်လည်း ကမ္ဘာတွင်ဦးဆောင်သွားနိုင်ရန်အတွက် နည်းပညာကဏ္ဍ၏သ ဖိုင်းကြောင်းများကို မြန်လည်ကြည့်ရှုလေ့လာနိုင်ရန်သည့်ပြတိုက်အကောင်အထည်ဖော် ရန် ခြေလှမ်းစတင်ရမည်အချိန်ဟုထင်မြင်မိပါသည်။

KCG ကျောင်းသည့် ကျို့တိုအဲ့ခ်ိမဆဲကျောင်းပရဝုဏ်တွင် ဂျပန်နိုင်ငံအတွက်ဂုဏ်ယူဝမ်း မြောက်ရမည့် "ကွန်ပျူတာပြတိုက်"ကို အသိအမှတ်ရနိုင်ရန်နှင့် တဖန် စီမံခန့်ခွဲထိန်း သိမ်းရန်အတွက် ဘဏ္ဍာရေးအဖွဲ့အစည်းကို တည်ထောင်နိုင်ရန်အတွက် နိုင်ငံနှင့် ကျို့တိုခ ရိုင် ကျို့တိုမြို့,၏ နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် လုပ်ငန်းရှင်များစသည်တို့နှင့် ဆက် စပ်သူများ အထောက်အပံ့နှင့် ပူးပေါင်းဆောင်ရွက်မှုရရိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိရန အ ပါသည်။

ရူပဗေဒနှင့် ဓါတုဗေဒ သုတေသန အဖွဲ့,အစည်း (Riken)၊ ဖုဂျိုရု လီဓိတက် K ကွန်ပျူတာ

Information Processing နည်းပညာအမွေအနစ် TOSBAC-3400 (၂၀၁၉ခုနှစ် မတ်လ ၂ရက်နေ့ အသိအမှတ်ပြု)

Information Processing နည်းပညာအမွေအနစ် OKITAC-4300C စနစ် (၂၀၁၉ခုနှစ် မတ်လ ၂ရက်နေ့ အသိအမှတ်ပြု)

Information Processing နည်းပညာအမွေအနစ် NEAC-2206 (၂၀၁၀ခုနှစ် မတ်လ ၂ရက်နေ့ အသိအမှတ်ပြု)

Information Processing နည်းပညာအမွေအနစ် NEAC စနစ် 100 (၂၀၁၂ခုနှစ် မတ်လ ၆ ရက်နေ့ အသိအမှတ်ပြု)

Information Processing နည်းပညာအမွေအနစ် MZ-80K (၂၀၁၃ခုနှစ် မတ်လ ၆ရက်နေ့ အသိအမှတ်ပြု)

Information Processing နည်းပညာအမွေအနစ် PDP 8/I (၂၀၁၅ခုနှစ် မတ်လ ၁၇ရက်နေ့ အသိအမှတ်ပြု)

Information Processing နည်းပညာအမွေအနစ် TOSBAC-1100D (၂၀၁၆ခုနှစ် မတ်လ ၁၀ရက်နေ့ အသိအမှတ်ပြု)

ထိပ်တန်းစီးပွားရေးနယ်ပယ်များမှ ပညာရှင်များတင်ဆက်သည့် ဟောပြောပို့ချမှုများ

"Hatsune Miku" ၏ Crypton Future Media, Inc. ကိုယ်စားလှယ် ဒါရိုက်တာ

ကျိုတိုကောလိပ် သတင်းအချက်အလက် ဘွဲ့လွန်ပညာရပ်ဆိုင်ရာ ပါမောက္ခ

ဟိရိုရုခိ အီတိုး

Hiroyuki Itoh

"အနာဂတ်ဆီမှ လာသော စည်းဆုံးအသံ" သည် နဂိုမူရင်း ဖြစ်သည် ဟုဆိုသော virtual idol သည် သီချင်းစာသားနှင့် ဂီသသံစဉ်ကို laptop တွင် ထည့်သွင်းသည့်အခါ တုပဖန်တီးသံဖြင့် ဆိုပေးပါသည်။ နိုင်ငံတွင်းသာမက နိုင်ငံရပ်ခြားတွင်လဲ Live Concept များပြုလုပ်ခဲ့ပြီး fan များစွာ၏ နှလုံးကို များစွာ လှုပ်ခတ်စေပါသည်။ ထိုသို့ အကြီးအကျယ်ရေပန်းစားသော အသံတု software "ဟစ္စတ်နဲမိခု" ၏ ဖန်တီးသူ Crypton Future Media, Inc. ကိုယ်စားလှယ် ဒါရိုက်တာ မစ်စတာ အီတိုး ဟိရိုရုခိ သည် KCGI ၏ ပါမောက္ခ အဖြစ် ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။

ကွန်ပျူတာနှင့် အသံ၏ဆက်သွယ်ချက်ဖြစ်သည့် software ကို ဟီတွင်ခဲ့သည် မစ်စတာ အီတိုး သည် အနာဂတ်၏ IT လောကကို ဆက်လက်ရှင်သန်စေမည့် လူငယ်များကို "လက်ရှိတွင် လမ်းတစ်ဝက်သို့ ရောက်နေပြီဖြစ်သော "Information Revolution" ၏ နယ်နိမိတ်သည် အကန့်အသတ်မရှိ ကြီးမားပြီး ကျောင်းသားများ၏ အနာဂတ်လမ်းသည့် အကန့်အသတ်မရှိ ကျယ်ပြန့်ပါသည်။ ၄င်းကို သေချာစွာ နားလည်ပြီး လေ့လာမှုကို အားစိုက်ထုတ်စေချင်ကြောင်း" ဖြင့် စကားပါးပါသည်။ မစ္စတာ အီတိုး သည် အနုပညာတွင် ပန်ကြားပါသည်။ ပါမောက္ခ အီတိုးနှင့် အင်တာဗျူး

KCGI ၏ ပါမောက္ခ ဟိရိုရုခိ အီတိုး Vocaloid ဆော့ဖဝဲ အသံဘက်၊ တစ်ခုဖြစ်သည့် ဟစ္စတ်နဲမိခု တည်ဆောက်ခဲ့သည့်အကြောင်းကို ပြန်ပြောင်းအမှတ်ရရင်း စိတ်အားထက်သန်စွာပြောပြသည်။ (KCGi အုဒီမအဲ ကျောင်းပရဂုဏ်၊ မဟာခန်းမဆောင်)

Art by KEI © Crypton Future Media, INC. www.piapro.net piapro 初音ミク

လက်ရှိကုမ္ပဏီသည် ဂီမ်းနှင့် Anime ကုမ္ပဏီ မဟုတ်ပါ။ သီချင်းများကို ကိုင်တွယ်သော်လည်း record ကုမ္ပဏီများနှင့် ကွာခြားပါသည်။ ဝါသနာပါသော Computer Music ကို စီးပွားရေး လုပ်ရှုံးခြင့် မိမိအနေဖြင့် "sound room" ဟု တွေးနေပါသည်။ "ဟစ္စတ်နဲမိခု" သည် ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် စတင်ရောင်းချခဲ့သော်လည်း ၄င်းသည် creative ဖြစ်သော action ကို ဖန်တီးခွင့် ပေးခဲ့ခြင်းများလား ဟု စဉ်းစားမိပါသည်။နေ့စဉ်ဘဝကို ကြီးမားသော ပြောင်းလဲမှုဖြစ်စေခဲ့သည်။ information revolution မှ ဖြစ်စေသော ပြောင်းလဲမှုသည် အမှန်တွင် ထို့သို့သော အဆင့်တစ်ခုသို့ပင် မရောက်ရှိသေးပါ။ အဟောင်းမှအသစ်သို့ ပြောင်းလဲချိန်လေးမျှသာ ရှိသေးပြီး ယခုမှပင် ပြောင်းလဲမှု အစစ်အမှန်များ စတင်ပါလိမ့်မည်။ နှစ် ၂၀~၃၀ နောက်ပိုင်းတွင် လူနေမှုဘဝ၊ ကမ္ဘာ့ကြီးကို အုံ့အားသင့်ဖွယ် ပြောင်းလဲသွားစေပါလိမ့်မည်။ မည်သို့သော ပြောင်းလဲမှု ဖြစ်မည်ကိုကား မမှန်းဆနိုင်သေးပါ။ မည်ကဲ့သို့ ပြောင်းလဲမည်ကို ကျွန်တော်တို့နှင့် နောင်လာနောက်သားများ၏ လက်ထဲတွင်သာ အဓိက တာဝန်ရှိပါသည်။

လူသားမျိုးနွယ်များသည် အတိတ်တွင် ပြောင်းလဲမှုကြီး ၃၆၊ တွေ့ကြုံခဲ့သည်ဟု ပြောနိုင်ပါသည်။ နံပါတ် ၁ ပြုပြင်ပြောင်းလဲမှုသည် Agriculture Revolution ဖြစ်သည်။ အမဲလိုက်ခြင်းလုပ်ရန် ပြောင်းရွှေ့မှုကို မတတ်သာပဲ လုပ်လာရသော လူသားမျိုးနွယ်များသည် ၄င်းပြောင်းရွှေ့မှုတဆင့် စားစရာများကို စီမံကိန်းဖြင့် ထုတ်လုပ်ပြီး၊ သိုလှောင်နိုင်ရန်အတွက် သီးခြားနေရာများတွင် အခြေချနေထိုင်ခြင်းများ စတင်လာခဲ့ကြသည်။ ထိုမှတဆင့် လူအဖွဲ့အစည်းများသည် နိုင်ငံတည်ထောင်ပြီး တဖက်မှာလဲ ဆင်းရဲချမ်းသာ ကွာခြားမှုလည်း ဖြစ်လာခဲ့သည်။ စီးပွားရေး တိုးတက်လာခြင်းနှင့်အတူ စစ်ကို ဖိတ်ခေါ် သည့် အဓိကအကြောင်းရင်းလဲ ဖြစ်လာသည်ဟု ပြောနိုင်သည်။

နံပါတ် ၂ ပြုပြင်ပြောင်းလဲခြင်းသည် Industrial Revolution ဖြစ်သည်။ အရွှေ့စွမ်းအင်ကို တွေ့ရှိလာပြီး တူညီသည့်အရာကို ပိုမိုကောင်းမွန်အောင်ပြုလုပ်သည်ဟု အဓိပ္ပါယ်ရှိသည့် innovation ကို ရှေ့ဆက်လုပ်ဆောင်ခြင်းဖြင့် ပမာဏများများ ထုတ်လုပ်ခြင်း၊ ပမာဏများများစားသုံးခြင်းကို ဖြစ်စေခဲ့သည်။ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ကုန်သွယ်ခြင်းကို တွန်းအားဖြစ်စေပြီး နယ်ပယ်များများကို ကြွယ်ဝခြင်းများ ဖြစ်စေသည်။ တစ်ဖန် ဣ၅ Revolution သည် "လူဦးရေ တိုးပွားခြင်း" ကိုလည်း ဆက်လက်ဖြစ်ပွား စေခဲ့ပါသည်။ Industrial Revolution မဖြစ်ခင်က "များများမွေးများများဘေး" ခေတ်တွင် လူဦးရေသည် တသမတ်တည်းနီးပါးဖြစ်ပြီး လူအဖွဲ့အစည်းသည် ဆင်းရဲချမ်းသာ ကွာဟချက် နည်းသော်လည်း industrial revolution ဖြစ်စေရန် လူဦးရေတိုးပွားမှုသည် အရှိန်အဟုန်ဖြင့် တိုးတက်ချက်ရှိသည်။

ထို့အပြင် နံပါတ် ၃ ခုမြောက် ပြောင်းလဲမှုသည် internet ကို ကိုယ်စားပြုသော IT ၏ စစ်မှန်သော တန်ဖိုးကိုဆောင်သည့် Information Revolution ဖြစ်သည်။ Internet မတိုင်ခင်က သတင်းပို့သူသည် အကန့်အသတ်ဖြင့် နည်းပါးပြီး ချုပ်ကိုင်ထားခဲ့သည်။ သတင်းပို့သူဆိုသည်မှာ သတင်းစာပို့သမား၊ တီဗီရေဒီယို၊ ပုံနှိပ်ထုတ်ဝေသူ စသည့် media များသာ ရှိခဲ့သော်လဲ ၄င်းတို့သည် သတင်းအချက်အလက် ပေးပို့တိုင်း စက်ပစ္စည်းသော်လည်းကောင်း လူအင်အားသော်လည်းကောင်း ကုန်ကျစရိတ် ကြီးမားပေသည်။ ထို့အပြင် ထိုစဉ်က သတင်းအချက်အလက် ပမာဏလဲ နည်းပါးခဲ့ပြီး တစ်လမ်းသွားသာ ဖြစ်ခဲ့သည်။ သို့သော် internet ဆက်သွယ်မှု ရရှိမှုမှတဆင့် ပြောင်းလဲမှုဖြစ်ခဲ့သည်။ သတင်းပေးပို့မှုတွင် ကြီးမားသော အပြောင်းအလဲ ဖြစ်ခဲ့ပါသည်။

လက်ရှိတွင် internet tools များသည် မိမိနှင့် နီးကပ်လွန်းသောကြောင့် လွယ်လင့်တကူပင် စားပွဲပေါ် သော်လည်းကောင်း၊ အိတ်ကပ်ထဲမှာသော်လည်းကောင်း ထည့်ထားနိုင်ပါသည်။ သတင်းနှင့် ရုပ်ပုံ၊ သီချင်းများကဲ့သို့ digital ပြောင်း သတင်းအချက်အလက်များသည် internet မှ တဆင့် လွယ်ကူစွာ ပေးပို့ခြင်းနှင့် သိမ်းဆည်းထားနိုင်သည်။ မိမိကြိုက်နှစ်သက်သော ရုပ်ရှင်နှင့် ထုတ်လွှင့်သည့် မီဒီယာများကို လျှပ်တမြက်အတွင်း ဖမ်းယူ ကြည့်ရှုနိုင်ခြင်းစသည်ဖြင့် နေ့စဉ်ဘဝနှင့် လုပ်ငန်းခွင်တွင် လွန်စွာ အသုံးဝင်ပြီး အဆင်ပြေလှပါသည်။ တဖန် ထို သတင်းအချက်အလက်များသည် မိမိ၏အကြောင်း သတင်းကောင်းလဲ ပါနိုင်ပြီး၊ Facebook ကဲ့သို့ X၊ Blog ကဲ့သို့ စာမျက်နှာများမှတဆင့် မည်သူမဆို မိမိအကြောင်းကို လွယ်လင့်တကူ အချိန်တိုအတွင်း ကမ္ဘာ့ကြီးကို ပေးပို့နိုင်လာခဲ့ပါသည်။

သို့သော်လည်း ထို information revolution ကြောင့် ဖြစ်သော ပြောင်းလဲမှုကြီးသည် နိဒါန်းမျှသာ ရှိသေးသည်ဟု ထင်ပါသည်။ Agricultural Revolution၊ Industrial Revolution များသည် လူသားမျိုးနွယ်များ၏ နေ့စဉ်ဘဝကို ကြီးမားသော ပြောင်းလဲမှုဖြစ်စေခဲ့သည်။ information revolution မှ ဖြစ်စေသော ပြောင်းလဲမှုသည် အမှန်တွင် ထို့သို့သော အဆင့်တစ်ခုသို့ပင် မရောက်ရှိသေးပါ။ အဟောင်းမှအသစ်သို့ ပြောင်းလဲချိန်လေးမျှသာ ရှိသေးပြီး ယခုမှပင် ပြောင်းလဲမှု အစစ်အမှန်များ စတင်ပါလိမ့်မည်။ နှစ် ၂၀~၃၀ နောက်ပိုင်းတွင် လူနေမှုဘဝ၊ ကမ္ဘာ့ကြီးကို အုံ့အားသင့်ဖွယ် ပြောင်းလဲသွားစေပါလိမ့်မည်။ မည်သို့သော ပြောင်းလဲမှု ဖြစ်မည်ကိုကား မမှန်းဆနိုင်သေးပါ။ မည်ကဲ့သို့ ပြောင်းလဲမည်ကို ကျွန်တော်တို့နှင့် နောင်လာနောက်သားများ၏ လက်ထဲတွင်သာ အဓိက တာဝန်ရှိပါသည်။

ဌာနငါးခုမှ သင်တန်းပေါင်း ၂၀ ကျော်ရှိသောကြောင်း သင့်ရည်မှန်းချက်အတိုင်း အကန့်အသတ်မရှိ တက်ရောက်နိုင်သည်

လေးနှစ် ပရိုဂရမ်တက်ရောက်လျင် အဆင့်မြင့်ဒီပလိုမာ ရရှိမည်

အဆင့်မြင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းကျောင်းတွင် ကျွမ်းကျင်ပညာရှင်လေ့ကျင့်ရေး လေးနှစ်ပရိုဂရမ်ကို ပြီးမြောက်ပြီး အချို့သတင်းမှတ်ချက်များ ပြည့်မီသော ကျောင်းသားများသည် ပညာရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန (MEXT ဝန်ကြီးဌာန) မှ ပေးအပ်သော "အဆင့်မြင့်ဒီပလိုမာ" (*kodo senmonshi*) ကို ရရှိမည်။ အဆင့်မြင့်ဒီပလိုမာ ကိုင်ဆောင်ထားသူများသည် အထူးပြုနယ်ပယ်တစ်ခုတွင် အသိပညာနှင့် စွမ်းရည်နှစ်ဖက်စလုံး ပြည့်ဝသည်ဟု လူမှုအသိုင်းအဝိုင်းက အသိအမှတ်ပြုခြင်းခံရပြီး အခြေအနေတော်တော်များများတွင် တက္ကသိုလ်တစ်ခုမှ ဘွဲ့ရသူနှင့် အရည်အချင်း တူညီမှုရှိသည် သို့မဟုတ် ပိုမြင့်သာသည်ဟုလည်း အသိအမှတ်ပြုကြသည်။ KCG တွင် အဆင့်မြင့်ဒီပလိုမာရရှိနိုင်သော လေးနှစ်ပရိုဂရမ်အတွက် သင်တန်းများကို ဌာန A၊ B၊ C၊ D နှင့် E တို့က ပို့ချသည်။ လေးနှစ်သင်တန်းများကို ပြီးမြောက်သည့်အခါ ဘွဲ့ပေးအပ်သည့်ကျောင်းတွင် တက်ရောက်ခွင့်ကို ရရှိမည်။ KCG ကျောင်းသားများစွာသည် KCG အုပ်စုမှ ကျောင်းဆွဲတစ်ခုဖြစ်သော KCGI တွင် ဆက်လက်တက်ရောက်ကြသည်။

ဌာနငါးခုမှ လေးနှစ်ပရိုဂရမ်များကို **Practical Occupational Specialist Programs** အဖြစ် အသိအမှတ်ပြုလက်မှတ် ရရှိသည်

အထူးပြုကျောင်းများရှိ "ကျွမ်းကျင်ပညာရှင်ပရိုဂရမ်များတွင် အသက်မွေးဝမ်းကြောင်းပညာရေးကို ပိုမိုကောင်းမွန်အောင်" လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် MEXT က "Practical Occupational Specialist Programs" ကို စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ "Practical Occupational Specialist Programs" များတွင် ကုမ္ပဏီနှင့် အဖွဲ့အစည်းများနှင့် မိတ်ဖက်လက်တွဲစီစဉ်သော ပညာရေးပရိုဂရမ်များ ပါဝင်သည်။ အသိအမှတ်ပြုလက်မှတ်ရရှိရန် ကျောင်းသားများအနေနှင့် မိတ်ဖက်အလုပ်ခန့်ရာများတွင် လေ့ကျင့်ရန်၊ စွမ်းရည်ပြည့်ဝအောင် လုပ်ဆောင်ရန် လိုအပ်သည်။ KCG တွင် ဌာနငါးခုမှ လေးနှစ်ပရိုဂရမ်များကို "Practical Occupational Specialist Programs" အဖြစ် အသိအမှတ်ပြုလက်မှတ် ရရှိသည်။ ဤပရိုဂရမ်များသည် လက်တွေ့ကျသော အထူးပြုပညာရေးကို ကုမ္ပဏီများ၊ လက်ရှိတွင် တက်ကြွစွာ လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းခွင်များမှ ထိပ်သီးပညာရှင်များနှင့် မိတ်ဖက်လက်တွဲကာ စီစဉ်ပို့ချခြင်းဖြစ်သည်။ အခြားဌာနများအတွက် အသိအမှတ်ပြုလက်မှတ်များ အောင်မြင်စွာရရှိရန်လည်း KCG က အစီအစဉ်ရေးဆွဲ ပြင်ဆင်ထားပါသည်။

A Art နှင့် Design
Art & Design
ထိပ်တန်းဒစ်ဂျစ်တယ်အနုပညာရှင်များနှင့် တွေ့ဆုံလိုက်ပါ

- Art နှင့် Design Informatics ဌာန — Art နှင့် Design Informatics ဘာသာရပ် / Manga နှင့် Anime ဘာသာရပ် — ၄ နှစ်
- Advanced Art နှင့် Design ဌာန — ၃ နှစ်
- Manga နှင့် Anime ဌာန — ၃ နှစ်
- Art နှင့် Design ဌာန — Art နှင့် Design ဘာသာရပ် / Manga နှင့် Anime ဘာသာရပ် — ၂ နှစ်

16

B စီးပွားရေးနှင့် စီမံခွဲခန့်ရေး
Business & Management
IT ကို အသုံးပြု၍ ထိပ်တန်းလုပ်ငန်းဖြစ်အောင် လုပ်ကိုင်လိုက်ပါ

- စီးပွားရေးနှင့် စီမံခွဲခန့်ရေး Informatics ဌာန — စီမံခန့်ခွဲရေးသတင်းအချက်အလက် ဘာသာရပ် / Data Science ဘာသာရပ် — ၄ နှစ်
- Applied Informatics ဌာန — Medical Informatics ဘာသာရပ် / Marine Science IT ဘာသာရပ် / Agricultural IT ဘာသာရပ် / FinTech ဘာသာရပ် / Business IT ဘာသာရပ် — ၃ နှစ်
- Business IT ဌာန — ၂ နှစ်
- Medical Office Administration ဌာန — ၂ နှစ်

17

C ကွန်ပျူတာသိပ္ပံ
Computer Science
ယနေ့ခေတ်၏ ထိပ်တန်း သတင်းအချက်အလက် အသိုင်းအဝိုင်းကို ပံ့ပိုးကူညီခြင်း

- ကွန်ပျူတာသိပ္ပံ ဌာန — ၄ နှစ်
- Multimedia Computing ဌာန — ၃ နှစ်
- Computer Networking ဌာန — ၃ နှစ်
- Information Processing ဌာန — Information Processing ဘာသာရပ် / IT Voice Actor/Actress ဘာသာရပ် / Graduate Study Transfer ဌာန — ၂ နှစ်

18

D Digital Game နှင့် Amusement
Digital Game & Amusement
အဆင့်မြင့် ဂိမ်းဖန်တီးသူတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းအလုပ်လုပ်ကိုင်ပါ

- Advanced Digital Game နှင့် Amusement ဌာန — ၄ နှစ်
- Digital Game Development ဌာန — ၃ နှစ်
- Digital Game Development Basics ဌာန — ၂ နှစ်

19

E Engineering for Embedded Systems
ထိပ်တန်း ထိန်းချုပ်ရေး
အင်ဂျင်နီယာတစ်ဦးဖြစ်လာစေရန် ရည်မှန်းချက်ပါ

- Embedded Systems ဌာန — ၄ နှစ်
- Computer Engineering ဌာန — Computer Engineering ဘာသာရပ် / Automobile Control ဘာသာရပ် — ၃ နှစ်
- Computer Engineering Basics ဌာန — ၂ နှစ်

20

Flexible Online Course
အိမ်တွင်နေစဉ် သင့်စွမ်းရည်များကို မြှင့်တင်ပါ

- နိုင်ငံတကာ အသုံးချ သတင်းအချက်အလက် ဌာန — ၄ နှစ် — 33
  - သင်တန်းများကို အချိန်ပြည့်ပရိုဂရမ်များအဖြစ် ပြောင်းလဲတက်ရောက်နိုင်သည်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဌာန
Information & Communication
အလုပ်လုပ်နေစဉ် လေ့လာသင်ယူပါ သို့မဟုတ် ကျောင်းနှစ်ကျောင်းကို တပြိုင်နက် တက်ရောက်ပါ

၅) လျှောက်ထားသူသည် ဂျပန်နိုင်ငံကျောင်းပညာရေးဥပဒေ (မူလတန်းကျောင်း၊ အလယ်တန်းအထက်တန်းကျောင်း၊ အထက်တန်းကျောင်း၊ နည်းပညာကောလိပ်၊ အလယ်တန်းကောလိပ်၊ တက္ကသိုလ် သို့မဟုတ် ဘွဲ့လွန်ကျောင်း) တွင် သတ်မှတ်ထားသည့် ပညာရေးအဖွဲ့အစည်းတွင် ၁ နှစ် သို့မဟုတ် ထိုထက်ပိုရှိ ပညာသင်ကြားခွင့်ရရှိထားသည်။

* နိုင်ငံတကာ ဘွဲ့ဒီဂရီများ ပါဝင်သည် (အသေးစိတ်သိရှိလိုပါက စုံစမ်းမေးမြန်းနိုင်ပါသည်)။

(၂) လျှောက်ထားသူသည် KCG ဝင်ခွင့်ချိန်မှ ဘွဲ့ရပြီးချိန်အထိ အတားအဆီးမရှိဘဲ ဂျပန်နိုင်ငံတွင် နေထိုင်ရန် လိုအပ်သော နေထိုင်မှုအခြေအနေ (Visa Status) ရှိသည်။

* နိုင်ငံခြားကျောင်းသား၊ အမြဲတမ်းနေထိုင်သူ၊ အိမ်ထောင်ဖက် သို့မဟုတ် ဂျပန်အမျိုးသား မိသားစုဝင် စသည်တို့။

(၃) လျှောက်ထားသူအား လျှောက်ထားသူတက်ရောက်ခဲ့သည့် ကျောင်း၏ကျောင်းအုပ် သို့မဟုတ် ဆရာက အကြံပြုသည်။

(၄) လျှောက်ထားသူ၏ ဂျပန်နိုင်ငံတွင် နေထိုင်မှုအတွက် ကုန်ကျစရိတ်အားလုံးကို အာမခံပါသည်။

ဝင်ခွင့်ရွေးချယ်ခြင်း (နိုင်ငံခြားသား ကျောင်းသားများအတွက် ဝင်ခွင့်စာမေးပွဲ)

စာရွက်စာတမ်းများဖြင့် ရွေးချယ်ခြင်း	လျှောက်ထားသူသည် တင်ပြထားသော စာရွက်စာတမ်းများ စသည်တို့ကို အခြေခံ၍ စစ်ဆေးပါသည်။
လူတွေ့စစ်ဆေးခြင်းမှ ရွေးချယ်ခြင်း	လျှောက်ထားသူသည် တင်ပြထားသော စာရွက်စာတမ်းများအပေါ် အခြေခံ၍ လူတွေ့စစ်ဆေးခြင်းနှင့် နှုတ်ဖြေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

* အင်တာဗျူးများနှင့် နှုတ်ဖြေစာမေးပွဲများကို သတ်မှတ်ထားသောနေရာတွင် သို့မဟုတ် ဒီဒီယိုချတ်ဖြင့် အွန်လိုင်း (Zoom စသည်ဖြင့်) ပြုလုပ်နိုင်ပါသည်။ အွန်လိုင်းမှ စာမေးပွဲဖြေဆိုမည့် လျှောက်ထားသူများသည် ၎င်းတို့၏အိမ်တွင် အွန်လိုင်းဆက်သွယ်ရေးအတွက် လိုအပ်သော ပတ်ဝန်းကျင်ရှိရန် လိုအပ်ပြီး စာမေးပွဲဖြေဆိုချိန်တွင် PC၊ မိုက်ခရိုဖုန်း၊ ဗဒီကာများ၊ ကင်မရာများ အပါအဝင် (လျှောက်ထားသူသည် တိုက်ရိုက်ဗီဒီယို ထုတ်လွှင့်နိုင်ရမည်)၊ နှင့်အင်တာနက်မျိတ်ဆက်မှု ရှိရမည်။

* လျှောက်ထားသူများသည် စာမေးပွဲအတွက် ဝင်ခွင့်လက်မှတ်များကို ၎င်းတို့ထံ ပေးပို့သည့်အခါ အင်တာဗျူးများနှင့် နှုတ်ဖြေစာမေးပွဲများ၏ အချိန်၊ နေ့ရက်နှင့် နေရာ (ပုံစံများ) ကို အကြောင်းကြားမည်ဖြစ်ပါသည်။ (မူအရအားဖြင့် ၎င်းတို့ကို တင်ပြထားသော စာရွက်စာတမ်းများကို လက်ခံရရှိပြီး နှစ်ပတ်အတွင်း ထုတ်ပေးပါသည်။)

Flexible Online Course

ပိုမိုလေ့လာရန်

နိုင်ငံတကာ အသုံးချ သတင်းအချက်အလက် ဌာန

ဂျပန်နိုင်ငံသည် လက်ရှိတွင် အိုင်တီဝန်ထမ်း ရှားပါးမှုနှင့် ရင်ဆိုင်နေရသည်။ ၂၀၃၀ မှာ ဒီဂျစ်တယ်မှက လူ ၄၅၀၀၀၀ လောက်အထိ တိုးလာမယ်လို့ ခန့်မှန်းထားသည်။ (IT ဝန်ထမ်းများအတွက် လိုအပ်ချက်အပေါ် စစ်တမ်း (မြေပုံသုံးသပ်ချက်)၊ METI၊ ဧပြီလ ၂၀၁၉) ဤအခက်အခဲကို ရင်ဆိုင်နေရချိန်တွင် KCG အနေဖြင့် IT ပညာကိုသင်ယူပြီး ကမ္ဘာလုံးဆိုင်ရာ IT နယ်ပယ်ကို ဦးဆောင်နိုင်စွမ်းရှိသူများကို အလိုရှိပါသည်။ ထိုရည်မှန်းချက်ကို နှလုံးသွင်းကာ Flexible Online Courses ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

Flexible Online Courses ၏ အားသာချက်များ

ကြိုက်နှစ်သက်သည့်နေရာတွင် မိမိနှုန်းထားနှင့် သင်ယူလေ့လာနိုင်သည်။

KCG ၏ အဆင့်မီ လေ့လာသင်ကြားရေး စီမံခန့်ခွဲမှုစနစ်ဖြစ်သည့် KING-LMS တွင် ၂၄ နာရီပတ်လုံး စာသင်ယူမှုအရင်းအမြစ်များကို ထားရှိပေးသည်။ KING-LMS ဖြင့်ဆိုလျှင် ကြိုတင်ပြင်ဆင်ထားပေးသော ဟောပြောပို့ချမှု ဗီဒီယိုများနှင့် စာသင်ခန်းဆိုင်ရာများကို အသုံးပြုပြီး မိမိအချိန်ဇယားအလိုက် အတန်းများတက်ရောက်နိုင်သည်။ မိမိသင်ယူလိုသော နှုန်းထားအလိုက် ချိန်ညှိပြီး ဟောပြောပို့ချမှုဗီဒီယိုများကို အလိုရှိသလောက် ကြည့်ရှုနားထောင်နိုင်ပါသည်။

မည်သည့်သင်တန်းကိုမဆို အချိန်ပြည့်သင်တန်းအဖြစ် ပြောင်းလဲတက်ရောက်နိုင်ပါသည်။

Flexible Online Courses

- Art နှင့် Design
- စီးပွားရေးနှင့် စီမံခွဲခန့်ခွဲရေး
- ကွန်ပျူတာသိပ္ပံ
- Digital Game နှင့် Amusement
- Engineering for Embedded Systems

ဘွဲ့ရသည်နှင့် အဆင့်မြင့်ဒီပလိုမာ ပါ ရယူပါ။

အဆင့်မြင့်အသက်မွေးဝမ်းကြောင်းသင်တန်းတွင် ကျွမ်းကျင်ပညာရှင်လေ့ကျင့်ရေးလေးနှစ်ပရိုဂရမ်ကို ပြီးမြောက်အောင်တက်ရောက်ပြီး အချို့သတ်မှတ်ချက်များ ပြည့်မီလျှင် အဆင့်မြင့်ဒီပလိုမာ ရရှိမည်ဖြစ်သည်။ အဆင့်မြင့်ဒီပလိုမာကို MEXT က တက္ကသိုလ်တစ်ခုမှပေးအပ်သည့်ဘွဲ့ကဲ့သို့ပင် အသိအမှတ်ပြုသည်။ အထူးပြုနယ်ပယ်တစ်ခုတွင် အသိပညာသာမက စွမ်းရည်ပါ ပြည့်စုံသူများကို အဆင့်မြင့်ဒီပလိုမာ ပေးအပ်ခြင်းဖြစ်သည်။ အဆင့်မြင့်ဒီပလိုမာကို တက္ကသိုလ်ဘွဲ့ကဲ့သို့ပင် တွင်တွင်ကျယ်ကျယ် အသိအမှတ်ပြုလာကြပြီဖြစ်သည်။ လာမည့်ခေတ်တွင် အဆင့်မြင့် ဒီပလိုမာကိုင်ဆောင်ထားသော IT သင်ယူထားသူများကို ပို၍လိုအပ်လာကြလိမ့်မည်ဟု ခန့်မှန်းထားသည်။

ကျောင်းတက်ခြင်း ပရိုဂရမ်မှတစ်ဆင့် အားစိုက်လေ့လာခြင်း - သင့်ထက်မြတ်မှုများကို တိုးမြှင့်လိုက်ပါ

နိုင်ငံတကာ အသုံးချသတင်းအချက်အလက်ကျောင်းတွင် "ကျောင်းတက်ခြင်း" ဟု ခေါ်သည့် အားစိုက်လေ့လာရသော ပရိုဂရမ် ရှိပါသည်။ ကျောင်းတက်ခြင်းပရိုဂရမ်တွင် ကျောင်းသားများသည် တက္ကသိုလ်ဆရာ၏ လမ်းညွှန်မှုအောက်တွင် လူကိုယ်တိုင်တက်ရောက်ပြီး အားစိုက်လေ့လာရခြင်းဖြစ်သည်။
ကျောင်းတက်ခြင်းပရိုဂရမ်ကို တစ်နှစ်လျင်နှစ်ကြိမ်၊ တစ်ကြိမ်လျှင် နှစ်ပတ်ဖွင့်လှစ်ပါသည်။ နွေရာသီတွင် ဩဂုတ်မှ စက်တင်ဘာအထိ၊ နွေဦးတွင် ဧဖေဗာဝါရီမှ မတ်အထိဖြစ်သည်။
ကျောင်းတက်ခြင်းပရိုဂရမ်အတွက် စာသင်ခန်းများမှာ ကျိုတိုဘူတာရုံမှ ခုနှစ်မိနစ်သာ လမ်းလျှောက်သွားရသော KCG ၏ ကျိုတိုအဲ့ခ်မ်အဲ ကျောင်းပရဂုဏ်တွင် ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး အချိတ်အဆက်များ ကောင်းမွန်သောကြောင့် ကျောင်းသွားကျောင်းပြန် လွယ်ကူစေသည်။

သင်ရိုးညွှန်းတမ်း

လူကိုယ်တိုင်တက်ရောက်ရသော သင်တန်းများ

မူလလက်ရာများ ထုတ်လုပ်ခြင်းနှင့် စိန်ခေါ်မှုများသော ပရောဂျက်များ လက်တွေ့အသုံးချခြင်း

အခြေခံသင်တန်းများ

နယ်ပယ်အမျိုးမျိုးမှ ကျယ်ပြန့်သော အသိပညာအုတ်မြစ်ကို ရယူခြင်း

အသုံးချသင်တန်းများ

နယ်ပယ်အမျိုးမျိုးမှ ကျယ်ပြန့်သော အသိပညာအုတ်မြစ်ကို ရယူခြင်း

အသက်မွေးဝမ်းကြောင်းဆိုင်ရာ တုံ့ပြန်မှုသင်တန်းများ

သင့်အလုပ်အကိုင်ရှာဖွေမှုကို အထောက်အပံ့ပေးခြင်း

KCG နိုင်ငံတကာကျောင်းသားများ၏ အမြင်များ

နိုင်ငံတကာကျောင်းသား ထောင်ပေါင်းများစွာသည် စိတ်လှုပ်ရှားစရာကောင်းသော အသက်မွေးဝမ်းကြောင်းများ ရရှိနိုင်ရန် KCG ကျောင်းသို့ လာရောက်သင်ယူကြသည်။

နိုင်ငံတကာကျောင်းတွေအတွက် အထူးကောင်းမွန်တဲ့ အတွေ့ထွေပညာရေးနဲ့ ဓနုးထွေးတဲ့ အထောက်အပံ့တွေ ရရှိနိုင်တယ်။

Nguyen Sy Nam

ငယင် ဆိုင်နမ်း

ဗီဒီယို အင်တာဗျူး ►

Information Processing ဌာန
Information Processing ဘာသာရပ်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ဂျပန် ဂိမ်း၊ မန်ဂနဲ့ အနိမ်မေးတွေကို အမြဲသဘောကျခဲ့တာပါ။ နိုင်ငံခြားမှာပညာသင်ဖို့ ကျွန်တော့်ကို တစ်ယောက်ကအကြံပေးလာတဲ့အခါ ကျွန်တော့်အနာဂတ်ကို လုံးဝကွဲပြားတဲ့ပတ်လမ်းကျင်တစ်ခုမှာ ပြင်ဆင်တည်ဆောက်မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဂျပန်ဘာသာစကား သင်တန်းကျောင်းကို တက်ရောက်ပြီးတဲ့အခါ အနာဂတ်၊ လူမှုအဖွဲ့အစည်းကို ဇနီးနိုင်တဲ့ ဖွမ်းအင်ရှိတယ်လို့ ယုံကြည်တဲ့အတွက် IT ကို လေ့လာသင်ယူချင်ခဲ့ပါတယ်။ ဒါကြောင့်လည်း KCG မှာစာရင်းသွင်း တက်ရောက်ခဲ့တာပါ။ နိုင်ငံတကာကျောင်းသားများအတွက် KCG က အထောက်အပံ့ပရိုဂရမ်များစွာ ပြည့်ဆည်းပေးပြီး IT ပြင်ပ အတွေ့ထွေပညာရေးကို လိုက်စားနိုင်ဖို့ အခွင့်အရေးတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော် လုံ့လဝီရိယနဲ့ စာလေ့လာခဲ့ပြီး ဂျပန်က IT ကုမ္ပဏီမှာ အလုပ်ဝင်နိုင်ခဲ့ပါတယ်။ ကျွန်တော်အလုပ်ဝင်ပြီး မကြာခင်မှာပဲ IT အင်ဂျင်နီယာစာမေးပွဲကို အောင်မြင်ခဲ့ပါတယ်။

KCG Award ထူးချွန်ဆုသည် ယုံကြည်မှုများပေးသည်။

Lyu Langbiao

လျီလန်းပြောင်

ဗီဒီယို အင်တာဗျူး ►

Digital Game Development Basics ဌာန

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

တရုတ်နိုင်ငံ တက္သိုလ်ကနေ ဘွဲ့ရပြီး ကွန်ရက်အင်ဂျင်နီယာအနေနဲ့ ကျွန်တော်အလုပ်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ပိုမိုဆန်းသစ်တဲ့အလုပ်တွေကို လုပ်ချင်နေခဲ့တာဖြစ်လို့ ကျိုတိုဂျပန်ဘာသာစကား လေ့ကျင့်သင်ကြားရေးစင်တာမှာ သင်ကြားပြီးနောက် KCG မှာ ဂိမ်းတွေအကြောင်း စတင်လေ့လာခဲ့ပါတယ်။ KCG မှာ တက်ရောက်တဲ့အခါ ပါမောက္ခတွေက အင်ဂျင်နီယာပညာရပ်တွေကို ကျွန်တော့်ခေါင်းထဲ ခွဲမြဲနေအောင် သင်ကြားပေးခဲ့ပါတယ်။ ဆရာတွေရဲ့ ကျေးဇူးနဲ့ ဂျပန်သူငယ်ချင်းတစ်ယောက်နဲ့ကျွန်တော် နစ်ယောက်အတူတူနေတီးခဲ့တဲ့ ဂိမ်းအတွက် KCG ထူးချွန်ဆု ရရှိနိုင်ခဲ့ပါတယ်။ ကျွန်တော် စိတ်အင်စားဆုံးဖြစ်ခဲ့တဲ့ ဂိမ်းကုမ္ပဏီမှာလည်း အလုပ်ဝင်နိုင်ခဲ့ပါတယ်။ အဖွဲ့ခေါင်းဆောင်ဖြစ်လာဖို့ အမြင်နဲ့အတူ ကျွန်တော့်ဝွမ်းရည်တွေကို ပိုမိုထက်မြက်လာအောင် ကြိုးစားနေပါတယ်။

နောက်ဆုံးပေါ် ကိရိယာတွေအသုံးပြုပြီး ဂျပန်မှာ မန်ဂ သင်ယူလေ့လာခွင့်ရတယ်။

Normans Sagastume Javier Alexander

နော်မန်စ် စဂဆုမိ ဟာဗီယာ အလက်ဆန်းဒါး

Art နှင့် Design ဌာန
Manga နှင့် Anime ဘာသာရပ်

ဂွာတီမာလာ သမ္မတနိုင်ငံ

ဂျပန်နိုင်ငံကိုသွားပြီး မန်ဂအနပညာရှင် အမြဲဖြစ်ချင်ခဲ့တာ။ ဂျပန်မန်ဂရဲ့ လေးနက်မှုနဲ့ နူးညံ့မှုက ကျွန်တော့်ကို အမြဲဆွဲဆောင်နိုင်ခဲ့လို့ပါ။ ဒါကြောင့် ဂျပန်ကျောင်းမှာတက်ရောက်ပြီးတဲ့နောက် KCG မှာစာရင်းသွင်းတက်ရောက်ခဲ့ပါတယ်။ KCG မှာဆိုရင် မန်ဂသင်ယူလေ့လာနိုင်ဖို့အတွက် နောက်ဆုံးပေါ်မစ္စည်းကိရိယာတွေ အစုံရှိပါတယ်။ KCG က ပါမောက္ခတွေက အရာအားလုံးကို စိတ်ရှည်လက်ရှည်ရှင်းပြပြီး မေးခွန်းမေးရလွယ်ကူတဲ့ ပတ်ဝန်းကျင်မျိုးကို ဖန်တီးပေးပါတယ်။ ကျွန်တော့်ကျောင်းသားဘဝက ဘက်ပေါင်းစုံကနေပြည့်စုံခဲ့ပြီးတော့ အပြည့်အဝပျော်မွေ့ခဲ့ရပါတယ်။ ဂျပန်က ထုတ်ဝေရေးလုပ်ငန်းတစ်ခုမှာ အလုပ်လုပ်နိုင်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော့်ကိုယ်ပိုင် မန်ဂစီးရီးတွေထုတ်နိုင်ရင် အရမ်းကောင်းမှာပဲ။

KCG ပညာရေးရဲ့ ရလဒ်တွေကို လက်တွေ့ခံစားရတယ်။

Chanvongnaraz Khampasith

ချန်ဗောင်းနာရဇ် ခမ်ပါစစ်

Information Processing ဌာန
Information Processing ဘာသာရပ်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

နည်းပညာက လူတွေရဲ့ဘဝတွေကို ပိုမိုပြည့်စုံစေပါတယ်။ KCG ကိုတက်ရတာက IT ကို လေ့လာသင်ယူပြီး လူအဖွဲ့အစည်းမှာ တန်ဖိုးမြင့်တဲ့ ကဏ္ဍာကနေ ပါဝင်ချင်လိုခြင်းပါတယ်။ ဂျပန်ရဲ့ ကွန်ယူတာအထုပ်ပြုသော ပထမဦးဆုံးကျောင်းဖြစ်တဲ့အတွက် IT ပညာရေးနဲ့ ပတ်သက်ပြီး ကောင်းမွန်တဲ့ သမိုင်းဝင်မှတ်တမ်းတွေရှိပါတယ်။ တကယ်ကောင်းတဲ့ကျောင်းမှာ တက်ရောက်ရတယ်လို့ ခံစားရပါတယ်။ အရင်က ကွန်ပျူတာကိုတစ်ခါမှ မလေ့လာဖူးတဲ့အတွက် နည်းနည်းတော့ မသေချာဖြစ်နေခဲ့သေးပေါ်။ ကံကောင်းစွာနဲ့ KCG က ပါမောက္ခတွေက နားလည်လွယ်တဲ့ အသုံးအနှုန်းတွေနဲ့ ကျွန်တော့်ကို စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။ ကျွန်တော်မသိလိုက်ခင်မှာပဲ ပရိုဂရမ်ရေးဆွဲရတာကို ဖျော်မွေ့နေခဲ့ပါပြီ။ အနာဂတ်မှာ ဂျပန်နိုင်ငံက IT နဲ့ သက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်ရှာချင်ပါတယ်။ ပြီးတော့ ပရိုဂရမ်ရေးဆွဲခြင်းကို ဆက်လက်လုပ်ဆောင်ပြီး ကမ္ဘာတစ်ဝန်းက လူတွေရဲ့ ဘဝတွေကို ပိုမိုလွယ်ကူချောမွေ့စေနိုင်တဲ့ အလုပ်တွေကို လုပ်ကိုင်လိုပါတယ်။

တစ်နေ့မှာ နိုင်ငံတကာစျေးကွက်မှာ အလုပ်လုပ်နိုင်ချင်ပါတယ်။

Sukandar Ipung Ismaya

ဆူကန်ဒါ အီပန် အစ်မာယာ

Business IT ဌာန

အင်ဒိုနီးရှား သမ္မတနိုင်ငံ

အမြစ်တင်ဝင်စားနေခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်တဲ့ ဂျပန်နိုင်ငံမှာ ပညာသင်ချင်ခဲ့ပါတယ်။ ဂျပန်မှာ IT ကို သင်ကြားချင်ခဲ့တာဟာ အနာဂတ်မှာ အလွန်အရေးပါတဲ့နယ်ပယ်ဖြစ်လာမှာ ဖြင့်လို့ပါ။ စီးပွားရေးကိုလည်း လေ့လာချင်ခဲ့တာ ဖြစ်လို့ KCG မှာ စာရင်းသွင်းတက်ရောက်ခဲ့ပါတယ်။ ကွန်ယူတာနဲ့ပတ်သက်ပြီး ဘာလေ့ကျင့်မှုမှ မရှိခဲ့တော့ ပါမောက္ခတွေက အားလုံးကို စိတ်ရှည်လက်ရှည် သင်ပြပေးခဲ့တယ်။ တဖြည်းဖြည်းနဲ့ အသိပညာတွေ၊ စွမ်းရည်တွေတိုးလာပြီး ကိုယ့်ရဲ့ တိုးတက်မှုကို ကိုယ်ခံစားရတယ်။ မိခင်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ ကမ္ဘာအနှံ့ကို ဂျပန်ထုတ်ကုန်တွေ ဖြန့်ဖြူးချင်ပါတယ်။

ကျွန်တော့် မိခင်နိုင်ငံမှာ ဂိမ်းကုမ္ပဏီတည်ထောင်ဖို့က ကျွန်တော့် အိပ်မက်ဖြစ်ပါတယ်။

Gil Giron Andres Francisco

ဂျေး ဂေရွန် အန်ဒရေးစ် ဖရန်စစ္စကို

Digital Game Development Basics ဌာန

ဂွာတီမာလာ သမ္မတနိုင်ငံ

ကျွန်တော့်နိုင်ငံမှာဆိုရင် တက္သိုလ်တွေအများကြီး မရှိတော့ IT နယ်ပယ်မှာ အသက်မွေးဝမ်းကြောင်းတစ်ခု ရှာဖွေဖို့အတွက် အကန့်အသတ်တွေရှိပါတယ်။ ဒါကြောင့် ဂျပန်ကို လာဖို့ ဆုံးဖြတ်ခဲ့တာပါ။ KCG က လူတိုင်းက ဓော်ရွှေပြီး ဂိမ်းတွေအကြောင်းကို ဒီမှာ အာရုံရိုက်လေ့လာနိုင်ခဲ့ပါတယ်။ လေ့ကျင့်မှုတွေအများကြီး ရခဲ့ပြီး ပျော်စရာကောင်းပါတယ်။ ဂျပန်နိုင်ငံက လုံခြုံပြီး သဘာဝပတ်ဝန်းကျင်ကလည်း အရမ်းကိုလှပတယ်။ ကျိုတိုက အာရရှိတောင်နဲ့ အခြားနေရာတွေက ဆောင်းဦးအရောင်တွေကြောင့် အုံသြမှင်သက်ရတဲ့အထိပါပဲ။ ဘွဲ့ရပြီးရင် ဂျပန်ကုမ္ပဏီမှာ အလုပ်လုပ်ပြီး အတွေ့အကြုံရှေ့ဆောင်းချင်ပါတယ်။ ပြီးတော့တစ်နေ့ကျရင် ဂွာတီမာလာကိုပြန်ပြီး ဂိမ်းဆော့ဝဲဝဲကုမ္ပဏီတစ်ခု တည်ထောင်ချင်ပါတယ်။

ယူနစ်စနစ်က ကျွန်တော့်ကိုယ်ပိုင် အသက်မွေးဝမ်းကြောင်းအလုပ်ကို တည်ဆောက်ရယူနိုင်စေပါတယ်။

Francis Daniel Cader Olivares

ဖရန်စီ ဒယ်နီရယ် ကေဒါ အိုလီဗာရက်စ်



Information Processing ဌာန
Information Processing ဘာသာရပ်

အယ် ဆာလဗေါ သမ္မတနိုင်ငံ

ဂျပန်နိုင်ငံက ဂိမ်းပိုင်းမှာ Nintendo၊ Sega၊ Capcom အစရှိတဲ့ အရမ်းကိုက်တဲ့နည်းပညာတွေအသုံးပြုတဲ့ ကုမ္ပဏီတွေ အများကြီးရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ဒီကုမ္ပဏီတွေက လက်တင်အမေရိကထိ ချဲ့ထွင်ဖို့လည်း လုပ်နေကြပြီး အဲဒီကုမ္ပဏီတွေဆီ ကျွန်တော်သွားကြည့်ပြီး လေ့လာသင်ယူချင်တယ်။ ဒါကြောင့် KCG ကို တက်ရောက်ဖို့ စာရင်းပေးခဲ့တာပါ။ ကျွန်တော့်အတွက် KCG ရဲ့ အရမ်းကောင်းတဲ့အချက်ကတော့ ယူနစ်စနစ်ပဲဖြစ်ပါတယ်။ ကျွန်တော်စိတ်ဝင်စားတဲ့ CPUs နဲ့ Web Programming အတန်းတွေကို တက်ရောက်ပြီးတော့ ကိုယ်ပိုင် အသက်မွေးဝမ်းကြောင်းအလုပ်ကို ကိုယ်တိုင်ပဲ တည်ဆောက်ယူလို့ရတယ်။ ဘာသာစကားအပိုင်းမှာ သေချာကျွမ်းကျင်တတ်မြောက်ပြီးဆိုတာနဲ့ ခရီးသွားကဏ္ဍနဲ့ သက်ဆိုင်တဲ့ ဘာသာစကားပေါင်းစုံပါဝင်တဲ့ ဝဘ်ဆိုက်တွေရေးဆွဲပြီး အလုပ်လုပ်လိုပါတယ်။

ဂျပန်ဘာသာစကားနဲ့ ဗီဒီယိုနည်းပညာကို သင်ယူလိုပါတယ်။

Ralambozatovo Narianja Vololoniaina

ရာလမ်းဘိုဇာတိုပို နာရီအန်းဂျ ဝိုလိုလိုနီအိုင်းန

Art နှင့် Design ဌာန
Art နှင့် Design ဘာသာရပ်

ဂပ်ဒါဂတ်စ်ကာ သမ္မတနိုင်ငံ

ဂျပန်နိုင်ငံကို စိတ်ဝင်စားရတာက ကျွန်တော့်မိခင်နိုင်ငံနဲ့ လုံးဝမတူတဲ့ ယဉ်ကျေးမှုကို ပိုင်ဆိုင်ထားလို့ပဲ ဖြစ်ပါတယ်။ မက်ဒါဂတ်စ်ကာ တက္သိုလ်လမှာ ကျွန်တော်မြင်တွေ့ခဲ့တဲ့ ဗီဒီယိုတွေ ဓါတ်ပုံတွေအကြောင်းကို ပိုပြီးထဲထဲဝင်ဝင် လေ့လာချင်ခဲ့တာကြောင့် MEXT ရဲ့ အကြံပြုချက်အရပေါ်အခြေခံပြီး KCG မှာ တက်ရောက်ခဲ့တာပါ။ KCG မှာ စာသင်ယူဖို့ ဆုံးဖြတ်ခဲ့တာ တကယ်ဝမ်းသာမိတယ်။ ကျွန်တော်တက်ရတဲ့အတန်းတွေမှာ ပါမောက္ခတွေက အခြေခံကနေစပြီး နှစ်ပစ်စွာ ပညာသင်ပေးပါတယ်။ ဆရာတွေနဲ့ အတန်းဖော်သူငယ်ချင်းတွေ အကုန်လုံး ဖော်ရွေကြင်နာကြတယ်။ အားလပ်ချိန်တွေမှာ စုံဖြတ်ကြပါတယ်။ ကျွန်တော့်အိပ်မက်ကတော့ မက်ဒါဂတ်စ်ကနဲ့ ကမ္ဘာကြီးဆီကို ဗီဒီယိုကနေတစ်ဆင့် ဂျပန်ရဲ့ယဉ်ကျေးမှုတွေ သယ်ဆောင်ချပြချင်တာပဲဖြစ်ပါတယ်။

ကမ္ဘာ့အကောင်းဆုံး နည်းပညာကို ကျွန်မလေ့လာသင်ယူချင်ပါတယ်။

Natasha Maria Devina

နာတာရှာ မာရီယာ ဒေဗီနာ

Business IT ဌာန

အင်ဒိုနီးရှား သမ္မတနိုင်ငံ

နည်းပညာပိုင်းမှာ ထိပ်သီးနိုင်ငံတစ်ခုဖြစ်တဲ့ ဂျပန်နိုင်ငံမှာ ကျွန်မပညာသင်ကြားချင်ခဲ့ပါတယ်။ မြစ်နိုင်ငယ်ဆိုရင် စာရင်းကိုင်အလုပ်လုပ်ကိုင်တဲ့ ကျွန်မရဲ့ မိခင်လို ဖြစ်ချင်ခဲ့တာပါ။ ဒါကြောင့် IT အသိပညာနဲ့စွမ်းရည်တွေ ရရှိနိုင်တဲ့ KCG မှာ စာရင်းသွင်းတက်ရောက်ခဲ့တာပါ။ ကွန်ပျူတာတွေအကြောင်း ကျွန်မဘာသာလေ့လာခဲ့ဖူးတယ်။ အခုတော့ KCG က ကျွန်မရဲ့ ပါမောက္ခတွေဆီက သင်ယူနေရပါပြီ။ သူတို့က ကြင်ကြင်နာနာ စိတ်ရှည်လက်ရှည် သင်ကြားပေးပါတယ်။ စီးပွားရေးနဲ့ပတ်သက်တဲ့ အတန်းတွေတက်ရတာ ကျွန်မပျော်တယ်။ အနာဂတ်မှာ အွန်လိုင်းစီးပွားရေးပရိုဂရမ်ရေးဆွဲမှု အလုပ်တွေလုပ်ချင်ပါတယ်။

ကျွန်တော့်မိခင်မြေမှာ IT ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုချင်ပါတယ်။

Shakhzodshokhi Shamsiddin

ရှခ်ဇွဒ်ရှော့ခီ ရှမ်ဆစ်ဒင်

Information Processing ဌာန
Information Processing ဘာသာရပ်

တာဂျစ်စတန် သမ္မတနိုင်ငံ

ကျွန်တော့်စီနီယာတစ်ယောက်က ဂျပန်မှာ ပညာသင်ဖို့ထွက်သွားတော့ "ဒါင့်အတွက်ပဲ" လို့ တွေးမိတယ်။ ဒါကြောင့် KCG မှာ စာရင်းသွင်းတက်ရောက်ခဲ့ပါတယ်။ IT ကို အတည်တကျ သင်ကြားတာ ဒါကပထမဆုံးအကြိမ်ခံဖြစ်တာကြောင့် တကယ်ဂရိတခဲ့ပါတယ်။ ဒါပေမဲ့ ဆရာတွေက ကြင်ကြင်နာနာနဲ့ လမ်းညွှန်ပေးခဲ့ပြီး နောက်ဆုံးပေါ် ကွန်ပျူတာပစ္စည်းတွေကိုလည်း သုံးခဲ့ရပါတယ်။ အရမ်းပျော်စရာကောင်းခဲ့ပြီး ကျွန်တော့်ကျောင်းသား ဘဝကို ပျော်မွေ့ခဲ့ရပါတယ်။ ဘွဲ့ရပြီးရင်ဂျပန်က IT ကုမ္ပဏီတစ်ခုမှာ ဝင်ရောက်လုပ်ကိုင် အလုပ်သင်ပြီး ပိုက်ဆံရချင်ပါတယ်။ ပြီးရင် တာဂျစ်စတန်ကို ပြန်ပြီး ဆော့ဖဝဲတည်ဆောက်မှု ကုမ္ပဏီတစ်ခု တည်ထောင်ချင်ပါတယ်။ ကျွန်တော့်မိခင်နိုင်ငံမှာ IT ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုမှုတွေ ဆက်လက်လုပ်ဆောင်ချင်ပါတယ်။

နိုင်ငံတကာ content စီးပွားရေးစျေးကွက်မှာ ပါဝင်လုပ်ကိုင်လိုပါတယ်။

Naranjo Bejarano Carlos

နာရန်းဟို ဘယ်ဟရာနို ကားလိုစ်

Digital Game Development Basics ဌာန

စပိန်နိုင်ငံ

ဂျပန်နိုင်ငံ၏ ထိပ်တန်းနည်းပညာများအား အမြင်လေးစားမိပါသည်။ Pokémon ကဲ့သို့သောဂိမ်းများသည် ပျော်စရာကောင်းပြီး၊ နည်းပညာသည်လည်း ကမ္ဘာပေါ်ရှိ မည်သည့်နေရာနှင်မျှ တူညီမှုမရှိပါ။ ဂျပန်ဂိမ်းများအား လေ့လာခြင်းထက်ပိုမို၍ မည်သည့်အရာကမှ ကျွန်ပ်အားပျော်ရွှင်အောင် မစွမ်းဆောင်နိုင်ပါ။ KCG သည် နောက်ဆုံးပေါ် ကွန်ပျူတာဟာ့ဒ်ဝဲနှင့် ဆော့ဖဝဲများဖြင့် အုံသြဖွယ်ကောင်းသော လေ့လာမှုပတ်လန်းကျင်ကို ပံ့ပိုးပေးပါသည်။ ကျွန်ပ်၏ရည်ရွယ်ချက်မှာ ဂျပန်နိုင်ငံရှိ အဓိကကျသောကုမ္ပဏီသို့ ဝင်ရောက်ရန်ဖြစ်သည်။ ကျွန်ပ်သည် ဂျပန်အာဘာသာနှင့် စပိန်ဘာသာ ပြောနိုင်ခဲ့သောကြောင့် IT ဗဟုသုတဆည်းပူးခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ပါဝင်နိုင်လိမ့်မည်။

ဂိမ်းပရိုဂရမ်ရေးဆွဲမှုကို ထဲထဲဝင်ဝင် လေ့လာရတယ်။

Kim Hae Rang

ကင်ဟဲရန်

Information Processing ဌာန
Information Processing ဘာသာရပ်

ကိုရီးယားနိုင်ငံ

ကျွန်မတက်ခဲ့တဲ့ အထက်တန်းကျောင်းက KCG နဲ့ ဓိတ်ဖက်လက်တွဲထားတဲ့ ကျောင်းဖြစ်ပြီး စီနီယာတစ်ယောက်က ဒီကိုကျောင်းတက်ဖို့ခဲ့တော့ KCG က ကျွန်မနဲ့ ရင်းနှီးနေပါတယ်။ ကျောင်းမှာ ကွန်ပျူတာတွေ၊ အခြားပစ္စည်းတွေ အစုံအလင်ရှိတာလည်း သိပေနဲ့တော့ အထူးပြုသင်ကြားတဲ့ ပညာရေး ရနိုင်မယ်လို့ ကျွန်မတွေးမိခဲ့ပါတယ်။ ဂိမ်းပရိုဂရမ်ရေးဆွဲတာကို သင်ချင်ခဲ့တာက ဂျပန်ကပြုလုပ်တဲ့ ဇာတ်လမ်းသွားပုံစံဂိမ်းတွေကို သဘောကျလို့ပါ။ ဒါကြောင့် KCG မှာ စာရင်းသွင်းတက်ရောက်ခဲ့ပါတယ်။ ကျွန်မရဲ့ အိပ်မက်ကတော့ တစ်နေ့မှာ ဂျပန်ကုမ္ပဏီတစ်ခုမှာ ပရိုဂရမ်ရေးဆွဲသူတစ်ယောက်အဖြစ် အလုပ်လုပ်ဖို့ပါ။ ကျွန်မကိုယ်ပိုင်စိတ်ကူးထဲက ဂိမ်းကို ဖန်တီးနိုင်ပြီး ကမ္ဘာကြီးက အဲဒီဂိမ်းကို နှစ်သက်ကြမယ်ဆိုရင် ကျွန်မအရမ်းကိုမျော်လင့်မှာပဲ။

ကျောင်းသားများအတွက် လေးရာသီ

KCG တွင် တစ်နှစ်ပတ်လုံး အမျိုးမျိုးသော ပွဲတော်များကျင်းပလျက်ရှိနေပါသည်။

4 ဧပြီလ

ကျိုတိုရှိ တစ်နှစ်တာ အဓိကပွဲတော်များ

Toyotomi Hideyoshi ချယ်ရီပန်းကြည့်ပွဲတော် (Daigoji ဘုရားကျောင်း)

- ပထမနှစ်ကျောင်းသားများအား ကျောင်းအချက်အလက်များ ရှင်းလင်းပေးပြောပွဲ
- ကျောင်းဝင်ခွင့် ကြိုဆိုပွဲ
- ကျန်းမာရေး စစ်ဆေးမှုများ
- နွေဦးစာသင်ကာလ စတင်ခြင်း
- မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ကလပ်များနှင့်မိတ်ဆက်ခြင်း
- နွေဦး နိုင်ငံတော်အစာမေးပွဲ
- မောင်မယ်သစ်လွင် နေ့ပိုင်းလေ့ကျင့်ရေးစခန်း
- နွေဦးအချိန် တောင်တက်ခြင်း
- ကျောင်းပရဂုဏ်အတွင်း၌ ကုမ္ပဏီများအကြောင်း ရှင်းလင်းပေးပြောပွဲ

ကျောင်းဝင်ခွင့် ကြိုဆိုပွဲ

5 မေလ

Aoi ပွဲတော် (Shimogamo နှင့် Kamigamo စေတီတော်များ)

- ကျောင်းတည်ထောင်ခြင်း နှစ်ပတ်လည် (မေလ ၁ ရက်နေ့)
- အားကစားပွဲတော်များ
- ကျောင်းပရဂုဏ်အတွင်း၌ ကုမ္ပဏီများအကြောင်း ရှင်းလင်းပေးပြောပွဲ

နွေဦးအချိန် တောင်တက်ခြင်း

ဂီတဖျော်ဖြေပွဲ

6 ဇွန်လ

Kyoto Takigi Noh (Heian-jingu စေတီတော်)

- ဂီတဖျော်ဖြေပွဲ
- ကျောင်းပရဂုဏ်အတွင်း၌ ကုမ္ပဏီများအကြောင်း ရှင်းလင်းပေးပြောပွဲ

7 ဇူလိုင်လ

Gion ပွဲတော် (Yasaka စေတီတော်နှင့် ကျိုတိုအနုပညာ)

- ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲ
- CG-Arts အသိအမှတ်ပြုလက်မှတ်ရ စာမေးပွဲ
- အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ လမ်းညွှန်ခြင်း
- ကျောင်းပရဂုဏ်အတွင်း၌ ကုမ္ပဏီများအကြောင်း ရှင်းလင်းပေးပြောပွဲ
- နွေရာသီ ပျော်ပွဲရွှင်ပွဲ

နွေရာသီ သင်တန်းဖွင့်လှစ်ခြင်း

ဂျပန်လူမျိုးများနေ့

8 ဩဂုတ်လ

Gozan ဗီးဟုပွဲတော်အခမ်းအနား (Daimonjiyama စသဖြင့်)

- နွေဦးစာသင်ကာလ ပြီးဆုံးခြင်း
- နွေဦးစာသင်ကာလ စာမေးပွဲများ
- RIT နွေရာသီ ဆွေးနွေးပွဲ
- နွေရာသီ ကျောင်းပိတ်ရက်
- နွေရာသီ နိုင်ငံတော်အဆင့်စာမေးပွဲများဆိုင်ရာ ဟောပြောပွဲ
- နွေရာသီ သင်တန်းဖွင့်လှစ်ခြင်း
- စီးပွားရေးအလုပ်သင်ဝင်ခြင်း
- သက်မွေးလုပ်ငန်း တိုင်ပင်ဆွေးနွေးခြင်းအစည်းအဝေး
- အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ လမ်းညွှန်ခြင်း

ကျိုတိုခရိုင် အထူးပြုကျောင်းများ အားကစားပြိုင်ပွဲကြီး

သက်မွေးလုပ်ငန်း တိုင်ပင်ဆွေးနွေးခြင်းအစည်းအဝေးများ

9 စက်တင်ဘာလ

ညခင်း လက်ြည့်ခြင်း (Daikakuji ဘုရားကျောင်း)

- J ken (Joho kentei)၊ သတင်းအချက်အလက်နည်းပညာ အသိအမှတ်ပြုလက်မှတ်စီးရီး
- ကျိုတိုခရိုင် အထူးပြုကျောင်းများ အားကစားပြိုင်ပွဲကြီး
- ကျောင်းပရဂုဏ်အတွင်း၌ ကုမ္ပဏီများအကြောင်း ရှင်းလင်းပေးပြောပွဲ
- ဆောင်းဦးပညာသင်ကာလ လမ်းညွှန်ချက်
- ဂီတဖျော်ဖြေပွဲ
- ကျန်းမာရေး စစ်ဆေးမှုများ

10 အောက်တိုဘာလ

သက်ကြီးရွယ်အိုများအတွက် ပွဲတော် (Heian-jingu စေတီတော်)

- ဆောင်းဦးပညာသင်ကာလ စတင်ခြင်း
- ဆောင်းဦး နိုင်ငံတော်အဆင့်စာမေးပွဲ
- ဆောင်းဦးအချိန် တောင်တက်ခြင်း
- အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ လမ်းညွှန်ခြင်း

ဆောင်းဦးအချိန် တောင်တက်ခြင်း

11 နိုဝင်ဘာလ

Arashiyama မေပဲလ်ပွဲတော် (Arashiyama)

- ယဉ်ကျေးမှုပွဲတော်
- အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ လမ်းညွှန်ခြင်း
- ပညာရေး ဟောပြောချက်
- အနုပညာဆိုင်ရာ ကြည့်ရှုပွဲ
- CG-Arts အသိအမှတ်ပြုလက်မှတ်ရ စာမေးပွဲ
- မိဘများနှင့် တိုင်ပင်ဆွေးနွေးပွဲ

ယဉ်ကျေးမှုပွဲတော်

ဆောင်းရာသီသင်တန်းများ

12 ဒီဇင်ဘာလ

Okera ပွဲတော် (Yasaka ဗီဟာန်)

- ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲ
- အလုပ်ဝင်ခွင့်အခွင့်အလမ်းများဆိုင်ရာ လမ်းညွှန်ခြင်း
- ဆောင်းရာသီ ကျောင်းပိတ်ရက်

1 ဇန်နဝါရီလ

အကွာအဝေးရှည် မြားပစ်အားကစား (Sanjusangendo ဘုရားကျောင်း)

- ဟောပြောချက်များကို ပြန်စဉ်းခြင်း
- ဂီတဖျော်ဖြေပွဲ
- အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ လမ်းညွှန်ခြင်း

KCG AWARDS

2 ဖေဖော်ဝါရီလ

ဗီးပန်းမွှင့်ပွဲတော် (Kitano-tenmangu စေတီတော်)

- ဆောင်းဦးပညာသင်ကာလ ပြီးဆုံးခြင်း
- KCG AWARDS
- ဆောင်းဦးပညာသင်ကာလ စာမေးပွဲများ
- J ken (Joho kentei)၊ သတင်းအချက်အလက်နည်းပညာ အသိအမှတ်ပြုလက်မှတ်စီးရီး
- နွေဦး ကျောင်းပိတ်ရက်
- အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ လမ်းညွှန်ခြင်း
- ကျောင်းပရဂုဏ်အတွင်း၌ ကုမ္ပဏီများအကြောင်း ရှင်းလင်းပေးပြောပွဲ
- ဆောင်းရာသီသင်တန်းများ စတင်ခြင်း

ဘွဲ့ပေးအပ်ခြင်း အခမ်းအနား

ဘွဲ့ရကျောင်းသားများ ဂုဏ်ပြုပွဲ

3 မတ်လ

မီးရှူးမီးတိုင် ပွဲတော် (Seiryoji ဘုရားကျောင်း)

- နွေဦး သင်တန်းဖွင့်လှစ်ခြင်း
- ဘွဲ့ပေးအပ်ခြင်း အခမ်းအနား
- ဘွဲ့ရကျောင်းသားများ ဂုဏ်ပြုပွဲ
- ကျောင်းပရဂုဏ်အတွင်း၌ ကုမ္ပဏီများအကြောင်း ရှင်းလင်းပေးပြောပွဲ
- နွေဦး နိုင်ငံတော်အဆင့်စာမေးပွဲဆိုင်ရာ ဟောပြောပွဲ

ကျိုတိုဂျပန်ဘာသာစကားသင်တန်းကျောင်း ကျောင်းဆက်တက်ရန်ပြင်ဆင်သည့်သင်တန်း

ဂျပန်စာသင်တန်းကျောင်း **KJLTC : Kyoto Japanese Language Training Center**

KJLTC

kcg.edu
Kyoto Japanese Language Training Center

အချိန်ပြည့်စနစ် ၁ နှစ် ဧပြီလတွင် စတင်တက်ရောက် **အချိန်ပြည့်စနစ် ၁ နှစ်ခွဲ** အောက်တိုဘာလတွင် စတင်တက်ရောက်

* ရည်ရွယ်သည့်ပုဂ္ဂိုလ် : ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N3~N5 (ယခင်စနစ် အဆင့် ၃~၄) အဆင့်ရှိ ဂျပန်စာအရည်အချင်းရှိသူ။

- KCG ၏ ပညာတော်သင်ကျောင်းသားများအတွက်သီးခြားဘာသာရပ်ဖြစ်ပါသည်။ "ကျိုတိုဂျပန်ဘာသာစကားသင်တန်းကျောင်း (KJLTC: Kyoto Japanese Language Training Center)" သည် ဂျပန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများသို့ ပညာဆက် လက်ဆည်းပူးရန်အတွက် ဂျပန်ဘာသာစကားကို သင်ကြားပေးပါသည်။ KJLTC သည် တရားရေးရာဝန်ကြီးမှ ကြေငြာထားသည့် ဂျပန်ဘာသာသင်တန်းကျောင်းဖြစ်ပါသည်။
- ဤအတန်းသည် ပညာရေး၊ယဉ်ကျေးမှု၊အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသိ အမှတ်ပြုထားသည် Preparatory Education Course (ပြည်တွင်း ၂၆ ကျောင်း၊ ပြည်ပ ၂ကျောင်းမျှသာ) ဖြစ်ပါသည်။ မိခင်နိုင်ငံတွင် ပညာသင်နှစ် ၁၂နှစ်မပြည့်သည့်သူများ လည်း ဤအတန်းကို ပြီးမြောက်ခြင်းဖြင့် KCG အဓိကဘာသာရပ်များမှအစ ဂျပန် အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများတွင် ဝင်ရောက်သင်ကြားနိုင်သည့် အရည်အချင်း ပြည့်မီနိုင်ပါမည်။
- KCG အဓိကဘာသာရပ်များအတွက် ဖြည့်စွက်သင်ကြားသည့်အနေဖြင့် Word pro၊ Computing စသည့် Application software လုပ်ဆောင်ချက်များဆိုင်ရာ လက်တွေ့လေ့ကျင့်သင်ကြားခြင်း (IT အခြေခံ) ကို မသင်မနေရဘာသာရပ်အဖြစ်ထည့်သွင်းထားပါ သည်။ ရယူသည့်အဆင့်သည် ကျောင်းဆက်တက်ပြီးနောက် အဓိကဘာသာရပ်အဆင့် အနေဖြင့် အသိအမှတ်ပြု ထည့်သွင်းတွက်ချက်ပေးပါသည်။
- သတ်မှတ်ထားသည့် ဂျပန်စာအရည်အချင်းရှိသည့်ကျောင်းသားများသည် ဤအတန်းကို တက်ရောက်ရင်းဖြင့် KCG အဓိကဘာသာရပ်များဖြစ်သည့် ကွန်ပျူတာမေဂျာဘာသာရပ်များကို ဝင်ရောက်သင်ယူနိုင်ပါသည်။
- ဤအတန်းပြီးဆုံးပြီးနောက် KCG အဓိကဘာသာရပ်များကို ဆက်လက်သင်ယူသည့် ကျောင်းသားများသည် ပညာသင်ဆု၊ ကျောင်းလခလျှော့ချကင်းလွတ်ခွင့်များ ရရှိနိုင်ပါ သည်။ ထို့အပြင် KCGI ပုံမှန်ကျောင်းသားအဖြစ် ဆက်လက်တက်ရောက်သည့်ကျောင်း သားများသည် ကျောင်းသားကင်းလွတ်ခွင့်စနစ် (အထူးကျောင်းသား) တွင်အကျုံးဝင်ပါ သည်။

ဂျပန်ဘာသာဆက်စပ်ဘာသာရပ်များနှင့်ပတ်သက်၍ ကျောင်းစတင်ဝင်ရောက် သည့်အချိန် စစ်ဆေးမှုနှင့် သင်တန်းနှစ်ဝက်ကာလအဆုံးတိုင်းရရှိသည့် ရလဒ်များ အရ အဆင့်အလိုက် အတန်းများဖွဲ့စည်းပါမည်။
ဇူလိုင်လ သို့မဟုတ် ဒီဇင်ဘာလတွင် ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N2 သို့မဟုတ် N1 ဖြေဆိုနိုင်စေရန် သင်ကြားပေးပါမည်။ ထို့အပြင် ဂျပန်ပညာတော် သင်ဝင်ခွင့်စာမေးပွဲများအတွက်လည်း အကျုံးဝင်ပါသည်။

◆ သင်တန်းလမ်းညွှန်

Preparatory Education Course

ဂျပန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများ (တက္ကသိုလ်၊ အထူးပြုကျောင်း စသည်) တို့တွင် ဆက်လက်တက်ရောက်ရန်အတွက် ဂျပန် သို့မဟုတ် နိုင်ငံခြားတွင် ၁၂ နှစ်တာ မူလတန်း၊ အလယ်တန်းအဆင့်ပညာရေးများကို ပြီးမြောက် အောင်မြင်ထားရပါမည်။ သို့သော် နိုင်ငံအသီးသီး၏ ပညာရေးစနစ်များအရ ပညာသင်နှစ် ၁၂နှစ် မပြည့်သောသူအတွက်လည်း ဤကျောင်း၏အတန်းများကို ပြီးမြောက်အောင်မြင် ခြင်းဖြင့် ဂျပန်အဆင့်မြင့်ပညာရေးအဖွဲ့အစည်း (တက္ကသိုလ်၊ အထူးပြုကျောင်း စသည်) တို့တွင် ဝင်ရောက်နိုင်သည့်အရည်အချင်းကိုရရှိနိုင်ပါသည်။
(ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှချမှတ်ထားသည့် Preparatory Education Course)

သင်ရိုးညွှန်းတမ်း **ဂျပန်ဘာသာရပ်**

- ဂျပန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများ (ဘွဲ့လွန်တက္ကသိုလ်၊ တက္ကသိုလ်၊ အထူးပြုကျောင်း စသည်) တို့တွင်လိုအပ်သည့် ဂျပန်စာအရည်အချင်းများသင်ကြားပေး ခြင်းနှင့် ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N1၊ N2 သင်ကြားခြင်းစီမံချက်များကို ဆောင် ရွက်ပါမည်။
- ကျောင်းသားများ၏ ဂျပန်စာအရည်အချင်းအပေါ်မူတည်၍ အဆင့်အလိုက်အတန်းများဖွဲ့ စည်းပြီး သင်ကြားပါမည်။
- ၁ ပတ်တွင် ၂၀ နာရီအထက် ဂျပန်စာဆက်စပ်ဘာသာရပ်များဆိုင်ရာသင်ခန်းစာကို သင်ကြားပေးပါမည်။ (သင်တန်းကာလနှစ်ဝက်တိုင်းတွင် အပတ် ၂၀၊ တစ်နှစ်လျှင် အပတ် ၄၀)

ဘာသာရပ်အမည်	အကြောင်းအရာ
ဂျပန်စာ ၁ (Grammar Words၊ Vocabulary)	Grammar၊ Kanji နှင့် Vocabulary သင်ကြားပေးခြင်းနှင့် လူမှုဘဝ၊ အထူးပြုနယ်ပယ်များ တွင် လိုအပ်သည့် ကောင်းမွန်မြည့်စုံသည့်ဂျပန်စာအရည်အချင်းများရရှိစေရန် သင်ကြား ပေးခြင်း
ဂျပန်စာ ၂ (listening၊ speaking)	နေ့စဉ်လူနေမှုဘဝ၊ လူမှုဘဝနှင့် အထူးပြုနယ်ပယ်များတွင် လိုအပ်သည့် နှုတ်ပြောစကား များသင်ကြားခြင်း။ နားထောင်မှုဆိုင်ရာလေ့ကျင့်ပေးခြင်း
ဂျပန်စာ ၃ (Reading)	လူမှုဘဝ၊ အထူးပြုနယ်ပယ်များတွင် လိုအပ်သည့် အဖတ်စွမ်းရည်များလေ့ကျင့်သင်ကြား ပေးခြင်းနှင့် သတင်းစာ၊ မဂ္ဂဇင်းနှင့် စာတမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာလက်မှုများ စသည်တို့ ကို အဖတ်လေ့ကျင့်ခြင်း
ဂျပန်စာ ၄ (Essay)	စာတမ်းငယ်များ၊ အစီရင်ခံစာ၊ အီးမေးလ်၊ Powerpoint နှင့် စီးပွားရေးဆိုင်ရာစာကြောင်း များရေးသားခြင်း
ဂျပန်နိုင်ငံအကြောင်း	ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် လူဘောင်အဖွဲ့အစည်း၊ တဖန် ဂျပန်လူမျိုးများ၏ တန်ဖိုးထားမှု များနှင့် ကျင့်ဝတ် စသည်တို့နှင့် ပတ်သက်သည့် နားလည်သဘောပေါက်မှုများ မြှင့်တင်ပေး ခြင်း

ဂျပန်စာအရည်အချင်းစစ်စာမေးပွဲနှင့် ဂျပန်ပညာတော်သင်စာမေးပွဲအတွက် သီးသန့်ဘာ သာရပ်

အဆင့်အလိုက် အတန်းများဖွဲ့စည်းပြီး သင်ခန်းစာများကို သင်ကြားပါမည်။

ဘာသာရပ်အမည်	အကြောင်းအရာ
အထွေထွေဂျပန်စာ	ဂျပန်စာအရည်အချင်းစစ်စာမေးပွဲနှင့် ဂျပန်ပညာတော်သင်စာမေးပွဲများအတွက် မေးခွန်း ဟောင်းများစသည်တို့ဖြင့် အဆိုပါအလားအလာတို့ကိုစမ်းသပ်လေ့လာခြင်းနှင့် စီမံချက် များကို ဆောင်ရွက်ပါသည်။

အခြေခံဘာသာရပ်

ဂျပန်ဘာသာအပြင် တစ်ခြားစွမ်းရည်ဆိုင်ရာများကို မြှင့်တင်ပြီး အဆင့်မြင့်ပညာရေးနှင့် လိုက်လျောညီထွေသည့် အသိပညာများကို သင်ယူတက်မြောက်စေပါမည်။

ဘာသာရပ်အမည်	အကြောင်းအရာ
အခြေခံဘာသာရပ်	အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံတွဲ (ပထဝီ၊ ဓာတုဗေဒ၊ ဇီဝဗေဒ)၊ အထွေထွေဘာသာရပ်၊ IT အခြေခံ (ကွန်ပျူတာ)

※ တစ်ပတ်တွင် ၆~၈ နာရီကြာသင်ယူရပါမည်။

◆ ခေါ်ယူသည့်သင်တန်း (ပညာသင်နှစ်ကန့်သတ်) နှင့်အကြောင်းအရာ၊ ခေါ်ယူသည့် ကျောင်းသားဦးရေ

ကျောင်းဝင်ချိန်	သင်တန်းအမည်	အကြောင်းအရာ	အပ်နှံရမည့်လူဦးရေ
ဧပြီလ	ကျောင်းဝင်ခွင့် ၁နှစ်သင်တန်း (၁နှစ်)	ဂျပန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးအဖွဲ့အစည်း (တက္ကသိုလ်၊ အထူးပြုကျောင်း စသည်) တို့တွင်ဆက်လက်ပညာဆည်းပူးမည့် ကျောင်းသားများအားရည်ရွယ်၍ ဂျပန်စာ၊ အင်္ဂလိပ်စာ၊ သင်္ချာစသည်တို့ကို ဝင်ခွင့်အတွက်ကြိုတင်ပြင်ဆင်သင်ကြားပေး သည့် သင်ရိုး	အယောက် ၆၀
အောက်တိုဘာလ	ကျောင်းဝင်ခွင့် ၁နှစ်ခွဲသင်တန်း (၁နှစ်ခွဲ)		အယောက် ၆၀

◆ လျှောက်ထားနိုင်သည့်သတ်မှတ်အရည်အချင်း

အောက်ပါအချက်အလက်များနှင့် အားလုံးကိုက်ညီသည့်သူ

① နိုင်ငံခြားတွင် အထက်တန်းပညာရေး၏ သင်ရိုးများပြီးဆုံးအောင်မြင်ထားရပါမည်။ (ပညာရေးအောင်မြင်ပြီးဆုံးသည်အထိ ၁၂နှစ်မပြည့်သောသူများနှင့် ၁၂နှစ်အထက်ပညာ သင်ကြားထားသောသူ။)
② ဂျပန်ဘာသာစကား သင်ယူရန်ဆန္ဒရှိပြီး၊ ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N5 (အဆင့် ၄) အထက်ညီသည့် အရည်အချင်းများရှိပြီး၊ ကြိုးကြိုးစားစားနှင့် ဂျပန်စာသင်ကြား လိုစိတ်ရှိသောသူ။
③ ဂျပန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးအဖွဲ့အစည်း (တက္ကသိုလ်နှင့် အထူးပြုကျောင်းစ သည်) များသို့ ဆက်လက်တက်ရောက်နိုင်ရန်အတွက် အခြေခံပညာရပ်များတတ်မြောက် ထားသောသူ။
④ အထက်တန်းကျောင်းပြီးမြောက်အောင်မြင်ထားသူများသည် ၂၃နှစ်အောက်၊ ကာလ တိုကောလိပ်ပြီးမြောက်အောင်မြင်ထားသူများသည် ၂၅နှစ်အောက်၊ တက္ကသိုလ်ပြီးမြောက် အောင်မြင်ထားသူများသည် ၂၇နှစ်အောက်ဖြစ်ရပါမည်။
⑤ ပညာသင်စရိတ်နှင့် နေထိုင်စားသောက်စရိတ်စသည့် ဂျပန်နိုင်ငံတွင်နေထိုင်သည့် ကုန်ကျစရိတ်များအား ပေးချေနိုင်သောသူ။
⑥ စိတ်ရောဂါယပါ ကျန်းမာသန်စွမ်းရမည်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ ဥပဒေများနှင့် ကျောင်း၏ စည်းမျဉ်းများနှင့် စည်းမျဉ်းစည်းကမ်းအသီးသီးကို လိုက်နာစောင့်ထိန်းနိုင်သောသူ။

IT နယ်ပယ်တွင် အမြင့်ဆုံးအထိ လေ့လာသင်ယူနိုင်ရန်အတွက် ကျိုတိုသတင်းအချက်အလက် ဘွဲ့လွန်သင်တန်းကျောင်း (KCGI) တွင် တက်ရောက်သင်ကြားလိုက်ပါ

KCGI: The Kyoto College of Graduate Studies for Informatics

kcg.edu
The Kyoto College of Graduate Studies for Informatics

KCGI

ပိုမိုလေ့လာရန်

KCG မှ ဘွဲ့ရပြီးနောက် ချက်ချင်းအလုပ်ဝင်နိုင်ရန် ရှာဖွေခြင်းမှလွဲ၍ သက်မွေးမှုလမ်းကြောင်းတစ်ခုကို ရရှိနိုင်ခြင်းသည် ကျွန်ုပ်တို့ KCGI ပညာရေးသင်တန်းကျောင်းအဖွဲ့၏ အားသာချက်တစ်ရပ် ဖြစ်ပါသည်။ KCGI သည် IT ကို အထူးပြုသင်ကြားပေးသော ဂျပန်နိုင်ငံ၏ ပထမဆုံး ဘွဲ့အပ်နှင်းသည့်ကျောင်း ဖြစ်ပါသည်။ KCGI ၏ သင်တန်းတစ်ခုကို ပြီးမြောက်အောင်မြင်သော ကျောင်းသားအား သတင်းအချက်အလက်နည်းပညာသိပ္ပံ (ပရော်ဖက်ရှင်နယ် ဘွဲ့) မဟာဘွဲ့ အပ်နှင်းပါသည်။ ဤဘွဲ့သည် ဂျပန်နိုင်ငံရှိ အသုံးချ IT နယ်ပယ်တွင် အမြင့်ဆုံး အတွေ့တတ်အထိပ်ဘွဲ့ ဖြစ်ပါသည်။

စည်းမျဉ်းအရ KCGI တွင် တက်ရောက်သင်ကြားနိုင်ရေး သတ်မှတ်အရည်အချင်းသည် ၄ နှစ် တက်ရောက်ရသော တက္ကသိုလ်ဘွဲ့ သို့မဟုတ် သက်မွေးမှုသင်တန်းကျောင်းတစ်ခုမှ ၄ နှစ် သင်တန်းတစ်ခုပြီးဆုံးကြောင်း အဆင့်မြင့်ဒီပလိုမာ ဖြစ်ပါသည်။ သို့သော် KCG မှ ဘွဲ့ရသူများကို အောက်ပါအထူးအခြေအနေများ (လျှောက်ထားခြင်း လမ်းညွှန်များကို ကြည့်ပါ) အရ တက်ရောက်သင်ကြားနိုင်ရေး သတ်မှတ်အရည်အချင်းရှိသည်ဟု ယူဆပါသည်။

"KCG ၏ ၃ နှစ် သင်တန်းတစ်ခုမှ ဘွဲ့ရပြီးသော၊ KCGI တွင် တက်ရောက်မည့်နှစ်၏ ဧပြီလ ၁ ရက်နေ့၌ ၂၂ နှစ်ပြည့်ပြီးသော လျှောက်ထားသူများကို ၎င်းတို့၏ ပညာသင်နှစ်ရလဒ်များ အကဲဖြတ်မှုအပေါ် မူတည်၍ တက်ရောက်သင်ကြားနိုင်ရေး အရည်အချင်းပြည့်မီခြင်းကို ဆုံးဖြတ်သွားမည်ဖြစ်ပြီး တက္ကသိုလ်ဘွဲ့နှင့်တူညီသည့် သို့မဟုတ် ထိုထက်သာလွန်သည့် ပညာရေးစွမ်းဆောင်ရည်ရှိလျှင် လက်ခံသွားပါမည်။"

ထို့ကြောင့် ဤနည်းအတိုင်း KCG မှ ဘွဲ့ယူ၍ KCGI တွင် တက်ရောက်သင်ကြားခြင်းသည် အသုံးချ IT နယ်ပယ်၏ အမြင့်ဆုံးအတွေ့တတ်အထိပ် သို့သွားရာ အမြန်ဆုံးလမ်းကြောင်းဖြစ်ပါသည်။ KCG မှ အဆင့်မြင့် ဒီပလိုမာကို ရယူပြီးနောက် KCGI တွင် မဟာဘွဲ့ကို ရရှိနိုင်ရန် ဆက်လမ်းကြိုးစားသင့်သည်ဟု တရင်းတနီး အကြံပြုလိုက်ပါသည်။

◆ KCGI ၏ ထူးခြားကောင်းမွန်သော လက္ခဏာရပ်များ

အတန်းများ အားလုံးကို "အင်္ဂလိပ်ဘာသာစနစ်" ဖြင့် သင်ကြားသောကြောင့် ကျောင်းသားများသည် လေ့လာသင်ယူမှုများကို အင်္ဂလိပ်ဘာသာဖြင့်သာ ပြီးမြောက်အောင် သင်ယူရပါသည်

KCGI သည် များစွာသော သင်တန်းများကို အင်္ဂလိပ်ဘာသာ ("အင်္ဂလိပ်ဘာသာစနစ်") ဖြင့် သင်ကြားပေးသောကြောင့် ကျောင်းသားများသည် မိမိတို့၏သင်တန်းများကို အင်္ဂလိပ်ဘာသာတစ်မျိုးတည်းဖြင့်သာ သင်ယူလေ့လာလျက် ပြီးဆုံးစေပြီး မဟာဘွဲ့များကို ရယူနိုင်ပါသည်။ ဤသင်တန်းများစွာကို နိုင်ငံရပ်ခြားမှ ထိပ်တန်းအဆင့် နည်းပြဆရာများက သင်ကြားပို့ချပေးပါသည်။ ယခုလက်ရှိ KCGI ပညာရပ်ဝန်းတွင် ပင်လယ်ရပ်ခြားနိုင်ငံနှင့် ဒေသ ၁၇ ခုမှ နိုင်ငံခြားပညာတော်သင်ကျောင်းသားများ ရှိကြပါသည် (၂၀၂၄ ခုနှစ် မတ်လ ဘွဲ့ရသူများအပါအဝင်)။ ထိုကျောင်းသားများစွာသည် အင်္ဂလိပ်ဘာသာဖြင့် အတန်းတက်ရောက်သင်ကြားရန် ရွေးချယ်ကြပါသည်။

လူမှုအသိုင်းဝိုင်းကို အကျိုးပြုနိုင်ရန်အတွက် နှံ့နှံ့စပ်စပ် အခြေခံများကိုသင်ကြားပေးခြင်း

- IT တိုးတက်ဖွံ့ဖြိုးရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်အောင် စီမံပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်း
- လုပ်ငန်းခွင်အနေအထား၊ လက်တွေ့သင်ယူရေး အခွင့်အလမ်းများကို စေ့စေ့ငုငုပေါင်းစပ်ထည့်သွင်းထားသော သင်ရိုးညွှန်းတမ်းများ
- e-learning နှင့် စာသင်ခန်းတွင်းသင်ယူရေး စာသင်ချိန်များကို ပေါင်းစပ်ထားသော အကျိုးများထိရောက်သည့် ပညာရေးဆိုင်ရာချဉ်းကပ်နည်းလမ်း

IT (ICT) နှင့် စီမံခန့်ခွဲမှုကို သင့်တင့်မျှတစွာ ဟန်ချက်ညီညီ လေ့လာသင်ယူခြင်း

- IT၊ စီမံခန့်ခွဲမှု အစရှိသဖြင့် များစွာသော အထူးပြုနယ်ပယ်များတွင် ပညာရှင်ဝီသစွာ ဖွံ့ဖြိုးတိုးတက်မှု
- ပုဂ္ဂလိကကဏ္ဍတွင် IT နည်းဗျူဟာဖန်တီးပုံဖော်သော ပရော်ဖက်ရှင်နယ် အတွေ့အကြုံရှိသည့် နည်းပြဆရာများစွာ

IT နယ်ပယ်တွင် အလုပ်လုပ်ရန် သက်မွေးမှုလုပ်ငန်း ပြောင်းလဲခြင်း

- ဝင်ခွင့်လျှောက်ထားသူများကို သိပ္ပံပညာနှင့် လူမှုဘာသာရပ်များ နှစ်ခုလုံးအပါအဝင် ကျယ်ပြန့်သောနယ်ပယ်များမှ လက်ခံပါသည်။
- ကျောင်းသားများသည် ကျောင်းအပ်ပြီးလျှင် ပညာရည်အဆင့်အတန်းအလိုက် လေ့လာသင်ယူမှုများကို စတင်နိုင်ပါသည်။

ကမ္ဘာ့ဈေးတံခုံတွင် တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်ရန် ရည်မှန်းထားခြင်း

- ကမ္ဘာတစ်ဝန်းနိုင်ငံများရှိ IT နယ်ပယ်မှ ထိပ်တန်းခေါင်းဆောင်များက သင်ကြားပို့ချသော အတန်းများ

သင်လေ့လာသင်ယူထားသည်ကို လူမှုအသိုင်းဝိုင်းတွင် အရေးပါသောကဏ္ဍမှ ပါဝင်နိုင်ရန် အသုံးပြုခြင်း

- အလေးထားအာရုံစိုက်သည့် တစ်ဦးချင်းလမ်းညွှန်မှုအကူအညီဖြင့် သင့်အတွက် အကောင်းဆုံး သက်မွေးမှုလုပ်ငန်းကို ရှာဖွေပေးခြင်း
- ကျောင်းသားဟောင်းများနှင့် ချိတ်ဆက်ပေးခြင်း

◆ သင်တန်းဖွဲ့စည်းပုံ

စာရင်းသွင်းခြင်း

မယူမနေရ
- ICT လုပ်ငန်းနယ်ပယ်မှ ပရော်ဖက်ရှင်နယ်ဆက်သွယ်မှုများ
- ဦးစီးဦးဆောင်မသီအိုရီ
- ပရောဂျက် အခြေခံများ

အဓိက အထူးပြုသင်တန်းများ
- ဖန်တီးပြုလုပ်ထားသော ဉာဏ်ရည်တု (AI)
- ဒေတာသိပ္ပံ
- ဝက်ဘ်စနစ်များ တိုးတက်ဖြစ်ပေါ်မှု
- ကွန်ရက်စီမံထိန်းချုပ်မှု
- နိုင်ငံတကာ စွန့်ဦးစွန့်စား စီးပွားရေးလုပ်ကိုင်မှု
- ERP
- IT မန်ဂါနှင့်အန်နီမီ
- IT ခရီးသွားလုပ်ငန်း

အထက်ပါ အဓိကအထူးပြု ဘာသာများအနက် တစ်ခုကို ရွေးချယ်ပါ။

အသုံးချနယ်ပယ်အလိုက် သင်တန်းများ
- ဘဏ္ဍာရေး
- ရေကြောင်းပညာ
- အကြောင်းအရာပိုင်းဆိုင်ရာအရောင်းမြှင့်တင်ခြင်း
- စိုက်ပျိုးရေး
- ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာ
- ပညာရေး
- ဂိမ်းများ

အထောက်အကူပြု စိတ်ကြိုက်ရွေးစရာများ

သို့မဟုတ်

မိမိစိတ်ကြိုက်ရေးဆွဲသည် သင်ရိုးညွှန်းတမ်း

မယူမနေရမဟုတ်သော သင်တန်းများထဲမှ သင့် ပညာရေး ရည်မှန်းချက်များနှင့် သင့်တော်မည့် သင်တန်းများကို ရွေးချယ်ကာ သင့် ကိုယ်ပိုင် သင်ရိုးညွှန်းတမ်းကို ရေးဆွဲပါ။

ဘွဲ့လွန်ပရောဂျက်

သတင်းအချက်အလက်နည်းပညာ မဟာသိပ္ပံဘွဲ့ (အတတ်ပညာဆိုင်ရာ ဒီဂရီ)

◆ လုပ်ရှားမှုနယ်ပယ်များ

KCGIသည် အဆင့်မြင့် ITပရော်ဖက်ရှင်နယ်လုပ်ငန်း လိုအပ်ချက်များကို ဖွဲ့ဖြိုးတိုးတက်စေသော သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပို့ချလျက်ရှိပါသည်။ KCGIမှ ဘွဲ့ရကျောင်းသားများ အနေနှင့် အောက်ပါဇယားပါ ITဆက်စပ် လုပ်ငန်းခွင်နယ်ပယ်များ၌ အလုပ်ရရှိရန် မျှော်မှန်းနိုင်မည်ဖြစ်သည်။

CIO (Chief Information Officer) သတင်းအချက်အလက်စုစည်းမှုတာဝန်အရှိဆုံးပုဂ္ဂိုလ်	ပရောဂျက်မန်နေဂျာ	AI အာခီတက်
စနစ်ပေါင်းစည်းမှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ်	စွန့်ဦးတီထွင်လုပ်ငန်းရှင်	IT အာခီတက်
သတင်းအချက်အလက်လုံခြုံရေး အကြံပေးပုဂ္ဂိုလ်	Content ဖန်တီးတီထွင်စီမံခန့်ခွဲသူ	ဒေတာသိပ္ပံပညာရှင်



ကျောင်းသားများ၏ မြို့ ကျိုတို

မြို့တည်ထောင်ပြီး ၁၂၀၀နှစ်ကျော်ကြာသည့်သမိုင်းကြောင်းကိုပိုင်ဆိုင်ထားသည့်ကျိုတို မြို့သည် ရှေးယခင်ကတည်းက ဂျပန်နိုင်ငံယဉ်ကျေးမှု၏အဓိကနေရာ၊ နိုင်ငံတကာမြို့တော်ဖြစ်ပြီး ယခုခေတ်တွင် လူငယ်ကျောင်းသားအများစုနေထိုင်သည့်မြို့တော်ဖြစ်ပါ သည်။ KCG ၏ ကျောင်းပရဝုဏ်တိုင်းသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်နေရာများ ဖြစ်ပြီး ကျိုတိုမြို့၏နေရာတိုင်းတွင်သာမက အိုအိုဆာက၊ နရန့င် အိုဆုမြို့ (ရှိဂခရိုင်) စသည့် ဂျပန်အနောက်ပိုင်းနေရာတိုင်းသို့လွယ်ကူစွာသွားလာဆက်သွယ်နိုင်ပါသည်။

KCG ကျိုတိုအဲ့ခ်မအဲ ကျောင်းပရဝုဏ်
(KCGI ကျိုတိုအဲ့ခ်မအဲ ဗြိုလ်တု) ၏ ပတ်ဝန်းကျင်နေရာများ

JR၊ Kintentsu နှင့် မြေအောက်ရထားများ စီးနင်းနိုင်သည့် ကျိုတိုဘူတာသည် တစ်နိုင်ငံလုံးမှ လူများကျိုတိုမြို့.ကိုလည်ပတ်ရန်လာသည့်ဝင်ပေါက်ဖြစ်ပါသည်။ အနီးအနားတွင် ခေတ်မီသောအဆောက်အဦးများနှင့် သမိုင်းဆန်သည့်အဆောက်အဦးများ ယှဉ်တွဲတည်ရှိလျက်ရှိနေပြီး ခြားနားနေသည့်ပတ်ဝန်းကျင်နှစ်ခုကိုခံစားနိုင်သည့်နေရာဖြစ်ပါ သည်။

နေရာများ

- ဟီဂရှိဘုရားကျောင်း
- နိရှိဟွန်းဂဝန်ရှိ ဘုရားကျောင်း
- ဟီဂရှိ ဟွန်းဂန်းရှိဘုရားကျောင်း
- တိုဖုခုရှိ ဘုရားကျောင်း
- ကျိုတိုတာဝါ
- စန်းဂျိစန်းဂန်းဒိုး
- ကျိုတိုအမျိုးသားပြတိုက်
- ကျိုတိုဘူတာအဆောက်အဦး
- ကျိုတို အက္ကာပါပြတိုက်

KCG ခမိုဂဝကျောင်း အနီးအနားပတ်ဝန်းကျင်

ကျိုတိုမြို့၏အကြီးဆုံးပွဲတော် ၃ခုထဲမှတစ်ခုဖြစ်သည့် အအိုအိပွဲတော်နှင့်ဆိုင်သည့် ရှိမိုခဝ ဘုရားကျောင်းနှင့် ကျိုတိုနန်းတော်စသည်တို့နှင့် နီးကပ်လျက်ရှိပြီး မြို့တွင်းဖြစ်သော်လည်း သဘာဝဆန်သည့်ပတ်ဝန်းကျင်။

နေရာများ

- ရှိမိုခဝဘုရားကျောင်း
- ကျိုတိုနန်းတော်
- ကျိုတိုမြို့သမိုင်းပြတိုက်
- တဒဆုနော့မိရှိ

KCG ရခုဟုခုကျောင်းပရဝုဏ် အနီးဝန်းကျင်

မြေအောက်ရထား ဒီတိုင်းလမ်းကြောင်းဘူတာနှင့် ဘတ်စ်ကားမှတ်တိုင်မှ ရခုဟိုခုဝန်း ကျင်၊ ကျိုတိုဗဟိုဝန်းကျင်နှင့် ကျိုတိုဘူတာဖက်ဆီသို့ ဆက်သွယ်သွားလာရန် အဆင်မြေ ပါသည်။ ခေတ်မီအဆောက်အဦးများ စီတန်းတည်ရှိလျက်ရှိသည့် ခတယမလမ်းအနီးပတ် ဝန်းကျင်တွင်တော့ အအိုအိပွဲတော်နှင့်ဆက်စပ်သည့် ခမိဂမိုဘုရားကျောင်းရှိပြီး ရုကွဇေဒဥ ယျာဉ်နှင့် မိဝိုရိုဂကန်၊ ခမိုမြစ်တွင် သဘာဝကိုခံစားနိုင်သည့်နေရာ။

နေရာများ

- ခမိဂမိုဘုရားကျောင်း
- မိဝိုရိုဂရေကန်
- တိုကျိုခရိုင်ပိုင် ရုကွဇေဒဥယျာဉ်
- ခိတယမလမ်း

KCGI ဟိုင်အာကူမန်ဘန် ကျောင်းပရဝဂ်ၗ် ပတ်ဝန်းကျင်ဇရိယာ၊ ကျိုတိုပင်မကျောင်း

မုရောမချိယည်ကျေးမှု၏ လက်ရာဘုရားကျောင်းဖြစ်သည့် ဂင်းကခုဂျိဘုရားကျောင်း၊ ကျိုတို မြို့ ပွဲတော်အကြီးစားဒုခုထဲမှဝခုဖြစ်သည့် ဂျိဒိုင်းပွဲတော်နှင့်ဆက်စပ်သည့် ဟေးအန်း ဂျင်းဂူး ဘုရားကျောင်း၊ ဆာကူရာပင်များစီတန်းလျက်ရှိသည့် တဲဆုဂခုနော့မိချိ၊ ဂျပန်နိုင်ငံ တွင် ဒုတိယမြောက်အဟောင်းဆုံးတိရိစ္ဆာန်ဥယျာဉ်၊ ကျိုတိုမြို့.တိရိစ္ဆာန်ဥယျာဉ်၊ ကျိုတိုမြို့. ယဉ်ကျေးမှု ပြတိုက်စသည့် အထင်ကရနေရာများစွာတည်ရှိပြီး ကျိုတိုမြို့.၏ အမျိုးမျိုးသော သမိုင်းနှင့် ယဉ်ကျေးမှုများကို ထိတွေ့ခံစားနိုင်သည့်နေရာ။

နေရာများ

- ဂင်းကခုဂျိ ဘုရားကျောင်း
- တဲဆုဂခုနော့မိချိ
- နန်းဇဲန်းဂျိဘုရားကျောင်း
- Kyoto City KYOCERA အနုပညာပြတိုက်
- ကျိုတိုမြို့.တိရိစ္ဆာန်ဥယျာဉ်
- ဟေးအန်း ဂျင်းဂူး
- အန်းခန်းဒိုး
- ချိအွန်းဂျိဘုရားကျောင်း
- ခေတ်မီအမျိုးသားယဉ်ကျေးမှုပြတိုက်

kcg.edu သင်တြားရေး ကွန်ရက်

Kyoto Computer Gakuin သည် KCG Group ၏ အခြားသော သင်တန်းကျောင်းများနှင့် နီးကပ်နက်ရှိင်းသော ဆက်သွယ်မှုရှိပြီး၊ နိုင်ငံရပ်ခြားရှိ အစိုးရ၊ တက္ကသိုလ်တို့နှင့် ချိတ်ဆက်မှု ပြုရင်းဖြင့် ကမ္ဘာ့ပညာရေးအဖွဲ့အစည်း အနေဖြင့်၊ IT ပညာရပ်၏ ဦးဆောင်သူအနေဖြင့်၊ ကမ္ဘာ့ထိပ်တန်း IT ပညာရေး ပြန့်ပွားရန် ရည်ရွယ်သည်။

၂၀၀၄ ခုနှစ်တွင် တည်ထောင်ခဲ့သော KCGI သည် ဂျပန်နိုင်ငံ၏ ပထမဦးဆုံး ကိုယ်ရေးစီတပါ၊ နစ်မြှုပ်လုပ်ကိုင်သော IT ပရော်ဖက်ရှင်နယ်ဘွဲ့ (မဟာဘွဲ့များ ပေးအပ်) ပေးအပ်သည့်ကျောင်း ဖြစ်သည်။ KCGI ကျောင်းသားများသည် လူမှုအသိုင်းဝိုင်းနှင့် ကျွမ်းစာတတ်ခဲ့အလယ်တွင် ဦးဆောင်လုပ်ကိုင်သောကဏ္ဍများမှ ပါဝင်နိုင်ရန်ရည်သန်လျက် IT၊ စီမံခန့်ခွဲမှုနှင့် အသုံးချနယ်ပယ်များအပါအဝင် အဆင့်မြင့်ပညာရပ်များနှင့် ကျွမ်းကျင်မှုများကို ပိုင်ဆိုင်ကြပါသည်။ KCGI တွင် ပေါက်မြောက်အောင်မြင်ခဲ့သော ပညာရပ်များအပေါ်မူတည်၍ ကျောင်းသားများသည် အသုံးချ IT နယ်ပယ်များရှိ ဂျပန်နိုင်ငံ၏ အမြင့်ဆုံး ပညာရေးဘွဲ့ - သတင်းအချက်အလက်နည်းပညာသိပ္ပံ (ပရော်ဖက်ရှင်နယ် ဘွဲ့) မဟာဘွဲ့ကို ရရှိပါမည်။

kcg.edu
The Kyoto College of Graduate Studies for Informatics
KCGI

IT ဆိုင်ရာ ဌာနများကို အမေရိကန်ပြည်ထောင်စုတွင်လည်း (၁၉၉၁ခုနှစ်တွင်) လျင်မြန်စွာ ထူထောင်ခဲ့သော နာမည်ကြီးသည့် ၁၈၂၉ခုနှစ်တွင် တည်ထောင်သော အင်ဂျင်နီယာ တက္ကသိုလ်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၌ ကွန်ယူတာဂရပ်ဖစ်၊ ဂိမ်းနှင့် IT နယ်ပယ်များတွင် ဤသင်တန်းကျောင်းသည် အကောင်းဆုံးရလဒ်များ ရရှိထားပါသည်။ Kyoto Computer Gakuin နှင့် ၁၉၉၆ ခုနှစ်တွင် ညီအစ်မတက္ကသိုလ် ထူထောင်ခဲ့သည်။

RIT
ရိုချက်စတာ နည်းပညာကျောင်း
Rochester Institute of Technology

kcg.edu
Kyoto Computer Gakuin Automobile School
KCGM

kcg.edu
Kyoto Computer Gakuin
KCG

kcg.edu
Kyoto Japanese Language Training Center
KJLTC

နောင်လာနောက်သားများ၏ ဟော်တော်ကားနည်းပညာဆိုင်ရာများတွင် နည်းပညာမြင့် IT၊ ကွန်ရက် နည်းပညာနှင့် အသိပညာရှိသည့် ဟော်တော်ကားစက်ပြင်ကျွမ်းကျင်သူများကို မြေစုပျိုးထောင်ပေးပါမည်။

ဂျပန်ဘာသာစကား သင်ကြားရေးဖြစ်သည့် ဤသင်တန်းကျောင်းသည် တရားရေးပန်ကြီး၏ အသိပေးချက်အရ ဂျပန်စာသင်ကျောင်းကို ဖွင့်လှစ်ပြီး ပညာရေး၊ ယဉ်ကျေးမှု အားဒကစား၊ သိပ္ပံနှင့် နည်းပညာ ပန်ကြီးဌာန၏ လမ်းညွှန်သင်ရိုးများ အတိုင်းသင်ကြားလျက်ရှိသည်။

kcg.edu
Kyoto Computer Gakuin - U.S.A.
New York Office

KCG Group ၏ နိုင်ငံရပ်ခြားလုပ်ငန်းများ အဆေးရိုက်ရာရုံးအဖြစ် ၂၀၀၀ ခုနှစ်တွင် NY ၏ ကမ္ဘာ့ကုန်သွယ်ရေး စင်တာ (WTC) တွင်းတွင် ဖွင့်လှစ်ထားပါသည်။ အမေရိကန် ပြည်ထောင်စု၌ အကြေးဖက်တိုက်ခိုက်ခံရမှုများကြောင့် ဗီးသင့်ခဲ့ရသော်လည်း လက်ရှိတွင် Rockefeller Center တွင် ရုံးခန်းထားရှိပြီး လုပ်ငန်းများ တဖန် လည်ပတ်လျက်ရှိသည်။

kcg.edu
Kyoto Computer Gakuin - China
Beijing Office
Dalian Office
Shanghai Office

KCG မှ ၎င်းနှင့် ဆက်ဆံရေး ဖိုင်မာအောင် တည်ဆောက်နေသည့် တရုတ်နိုင်ငံ၏ တက္ကသိုလ်များနှင့် ဧရာယ်ရန်အတွက် ဌာနချုပ်အဖြစ် KCG ပေကျင်းရုံးကို ၂၀၀၂ ခုနှစ်တွင် ပေကျင်းရှိ တရုတ်နိုင်ငံ၏ အမျိုးသားစာကြည့်တိုက်အတွင်းတွင် တည်ထောင်ခဲ့သည်။ အခြားသော လုပ်ဆောင်ချက်များကြားမှ တရုတ်နိုင်ငံရှိ တက္ကသိုလ်များသို့ အိုင်တီ ပညာရေးဆိုင်ရာ ကူညီထောက်ပံ့မှုကို ပံ့ပိုးပေးခြင်းမှတစ်ဆင့် KCG သည် ၂၀၀၈ ခုနှစ်တွင် KCG တာဂဇီအန်ရုံးကို ဖွင့်လှစ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် KCG ရှန်ဟိုင်းရုံးကို ဖွင့်လှစ်ခဲ့ပါသည်။

ကျောင်းပရဝုဏ်များ

ကျူတိုအခဲ့ခိမအဲ ကျောင်းပရဝုဏ်

ကျူတိုအခဲ့ခိမအဲ ကျောင်းပရဝုဏ်သည် ကျောင်းသားဘဝအတွက် ပြည့်စုံသာလွန်သော နေ့ရာအဖြစ်တည်ရှိပါသည်။ တည်နေရာသည် သွားရေးလာရေးအတွက် အထူးပင် အဆင်ပြေလွန်းပါသည်၊ ကျူတိုဘူတာ၏ အနောက်ဘက် ၇ မိနစ် လမ်းလျှောက်စာအကွာအဝေးတွင် တည်ရှိပါသည်။ အနီးအနားတွင် စားသောက်ဆိုင်များ၊ အဓိကစျေးဝယ်စင်တာများနှင့် ကုန်တိုက်များအပါအဝင် များစွာသော လက်လီကုန်စုံဆိုင်များ ရှိနေပါသည်။

ပင်မအဆောက်အဦး

ခုံညားထည်ဝါပြီး ခမ်းနားကြီးကျယ်သော အဖြူရောင်အဆောက်အဦးကြီးသည် ကျူတိုဘူတာ၏ အနောက်ဘက်တွင် တည်ရှိပါသည်။ ၎င်းသည် ကျောင်းပရဝုဏ်အတွင်း၌ ဂုဏ်ကျက်သရေအရှိဆုံးဖြစ်သည်။

တိုးချဲ့အဆောက်အဦး

နေ့ရောင်ရၭဲ ထင်းနေသော ဟင်းလင်းပြင်အပြင်ပန်းသဏ္ဌာန်ရှိ တိုးချဲ့အဆောက်အဦးတွင် e-learning စတူဒီယိုအပြင် Automobile Control ဘာသာရပ်ဌာနသုံးပြုသော ဟော်တော်ကားနှင့် ဟော်တော်ဆိုင်ကယ်ထိန်းချုပ်ရေး လေ့ကျင့်မှုအတွက် နေ့ရာလွတ်လည်း ထည့်သွင်းဖွဲ့စည်းထားပါသည်။ ကျူတိုအခဲ့ခိမအဲ ကျောင်းပရဝုဏ်၏ ပင်မအဆောက်အဦးနှင့် တိုးချဲ့အဆောက်အဦးများသည် ကျူတိုမြို့လယ်တွင်တည်ရှိပြီး IT ပညာရေးအတွက် ထိပ်တန်းမှ ဦးဆောင်နေသော အကြီးမားဆုံးဟိုအချက်အချာနေရာကြီးပင် ဖြစ်ပါသည်။

ရခုဟုခု ကျောင်းပရဝုဏ် | အတတ်ပညာပိုင်းဆိုင်ရာ ကောလိပ်

KCGI ကျောင်းပရဝုဏ်၏ အရှည်လျားဆုံး ဧလေ့အစဉ်ကဲ့သို့ပင် ရခုဟုခု ကျောင်းပရဝုဏ်သည်လည်း လုပ်ကိုင်လည်ပတ်နေသော ကမ္ဘာကြီးထဲသို့ ဘွဲ့ရကျောင်းသားများစွာကို စေလွှတ်ခဲ့ပြီးဖြစ်ပါသည်။ ဆိတ်ငြိမ်သော ရိုရိုဂဝ ခရိုင်၏ အလယ်တွင် တည်ရှိသည့် ရခုဟုခု ကျောင်းပရဝုဏ်သည် ပညာရှာဖီးရန် ဆန္ဒပြင်းပြသူများအတွက် ပြည့်စုံသာလွန်သော ဇနီဘီးပေးနေပါသည်။

ခမိုဂဝ ကျောင်းပရဝုဏ် | ဒီဇိုင်း ကောလိပ်

ခမိုဂဝ မြစ်ကမ်းနံဘေးတွင် ကောင်းမွန်သော နေ့ရောင်ခြည်များနှင့် နူးညံ့သောလေညင်းလေးများဖြင့် လွှမ်းမြုံထားသည့် ခမိုဂဝ ကျောင်းပရဝုဏ်သည် ဆန္ဒပြင်းပြသူ ဒီဇိုင်နာငယ်များနှင့် အခြားဝါဒတွင်းနှင်ဝါဒီးလိုသူများကို ဆွဲဆောင်နေသည့် လွတ်လပ်၍အားမာန်ပြည့်ဝသော ဒီဇိုင်းတယ်-အနုပညာကျောင်း ဖြစ်ပါသည်။ ခမိုဂဝ မြစ်သည် အနီးအပါးတွင် စီးဆင်းနေပြီး စိမ်းလန်းသာယာသော မြစ်ကမ်းတစ်လျှောက်သည် စိတ်ကူးဉာဏ်ကွန်မြူနေတီသော အပန်းဖြေဝန်းကျင်တစ်ခုကို ဖန်တီးပေးနေပါသည်။

ကျောင်းအဆောက်အဦးများအားလုံးကို ခေါက်ပြန်ပြေးဘတ်စ်ကားဖြင့် ချိတ်ဆက်ပေးထားပါသည်။

ကျောင်းအဆောက်အဦးများအားလုံးကို အခမဲ့ ကြီးပမ်းပြေးဆွဲနေသော ခေါက်ပြန်ပြေးဘတ်စ်ကားဖြင့် ချိတ်ဆက်ပေးထားပါသည်။
ခေါက်ပြန်ပြေးဘတ်စ်ကားဖြင့် ကူးသန်းသွားလာပြီး ကျောင်းသားများသည် အခြားအဆောက်အဦးများမှ အတန်းများကို တက်ရောက်သင်ကြားနိုင်ပါသည်။





ကျူတိုအုပ်ချုပ်ရေးအာဏာပိုင်များက ထောက်ခံအသိအမှတ်ပြုထားသည် သက်မွေးလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း (အတတ်ပညာပိုင်းဆိုင်ရာ ပရိုဂရမ်)

ကျူတိုကွန်ပျူတာအထူးပညာရပ်သင်ကျောင်း (KCG)

https://www.kcg.ac.jp/

အတတ်ပညာပိုင်းဆိုင်ရာ ကောလိပ် ရခုဟုခု ကျောင်းပရဝုဏ်
17 Shimogamo-honmachi, Sakyo-ku, Kyoto-shi, Kyoto 606-0862

- Embedded Systems ဌာန (၄ နှစ်)
- Computer Engineering ဌာန (၃ နှစ်)
- Computer Engineering Basics ဌာန (၂ နှစ်)

ဒီဇိုင်း ကောလိပ် ခမိုဂဝ ကျောင်းပရဝုဏ်
11 Tanakashimoyanagi-cho, Sakyo-ku, Kyoto-shi, Kyoto 606-8204

- Art နှင့် Design Informatics ဌာန (၄ နှစ်)
- Advanced Art နှင့် Design ဌာန (၃ နှစ်)
- Art နှင့် Design ဌာန (၂ နှစ်)

ကျူတိုအခဲ့ခိမအဲ ကျောင်းပရဝုဏ်
10-5 Nishikujo,teranomae-cho, Minami-ku, Kyoto-shi, Kyoto 601-8407

- ဗီးဗွားရေးနှင့် စီမံခွဲခန့်ခွဲရေး Informatics ဌာန (၄ နှစ်)
- ကွန်ပျူတာသိပ္ပံ ဌာန (၄ နှစ်)
- Advanced Digital Game နှင့် Amusement ဌာန (၄ နှစ်)
- Manga နှင့် Anime ဌာန (၃ နှစ်)
- Applied Informatics ဌာန (၃ နှစ်)
- Multimedia Computing ဌာန (၃ နှစ်)
- Computer Networking ဌာန (၃ နှစ်)
- Digital Game Development ဌာန (၃ နှစ်)
- Business IT ဌာန (၂ နှစ်)
- Medical Office Administration ဌာန (၂ နှစ်)
- Information Processing ဌာန (၂ နှစ်)
- Digital Game Development Basics ဌာန (၂ နှစ်)
- သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး ဘာသာရပ် (ရန်အမှိန် အမှိန်ပြည့်သင်တန်း ၁နှစ်/ ညအမှိန်သင်တန်း ၂နှစ်)
- နိုင်ငံတကာ အသုံးချ သတင်းအချက်အလက် ဌာန (၄ နှစ် အွန်လိုင်းသင်တန်း)

Kyoto Computer Gakuin Automobile School (KCGM)
73 Tojihigashi-monzencho, Minami-ku, Kyoto-shi, Kyoto 601-8428
https://kyoto-jidousha.ac.jp/
- Automobile Maintenance Engineering Program

Kyoto Japanese Language Training Center (KJLTC)
11 Tanakashimoyanagi-cho, Sakyo-ku, Kyoto-shi, Kyoto 606-8204
https://www.kjltc.jp/

ကျူတိုသတင်းအချက်အလက် ဘွဲ့လွန်သင်တန်းကျောင်း (KCGI)
ဝက်ဘ်လုပ်ငန်းနည်းပညာတွင် အသုံးချသတင်းအချက်အလက်နည်းပညာအထူးပြုဘွဲ့ပေးအပ်သည့် သင်တန်းကျောင်း
7 Tanakamonzen-cho, Sakyo-ku, Kyoto-shi, Kyoto 606-8225
https://www.kcg.edu/